မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ စက်တင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၆) ၊ ၁၃၈၈ နှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၊ ၁၉-၁၁-၂၀၂၆ ၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

နိုင်ငံ့ GDP တိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင် အလေးထားဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြား



နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ်သို့တက်ရောက်၍ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၀၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၅ တို့နှင့်အညီ နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့အစီအစဉ်တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။

ရှမ်းပြည်နယ်၌ ပြည်တွင်းပြည်ပခရီးသွားများအတွက် အထင်ကရ ခရီးစဉ်ဒေသခြောက်ခု ဖွင့်လှစ်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ်တွင် ပြည်တွင်းပြည်ပခရီးသွားများအတွက် အထင်ကရခရီးသွားဆွဲဆောင်ရာ ခရီးစဉ်ဒေသခြောက်ခုကို ဖွင့်လှစ်ထားရှိကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။ စာမျက်နှာ ၈ သို့ ❖



ဟိုက်ပါရေတံခွန်ကို တွေ့ရစဉ်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၈

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၁၀ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့ဘက် ရေမိုင် ၃၀၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ စာမျက်နှာ ၈ သို့ ○



၁၈-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” လမ်းကြောင်းပြမြေပုံ။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၈

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၁၉ ရက် ၊ ကြာသပတေးနေ့။

ပညာရေးကဏ္ဍပွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့သည် ဆရာအတတ်ပညာရေးနယ်ပယ်တွင် ရှည်လျားသည့် သမိုင်းအစဉ်အလာကောင်းများနှင့် ဂုဏ်သတင်းမွေးသည့် တက္ကသိုလ်များဖြစ်သည်။ ယင်းတက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများကို နှစ်စဉ်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်ထံမှ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ ဩဝါဒခံယူပွဲကို နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတက ဩဝါဒစကားပြောကြားရာတွင် ပညာရေးတက္ကသိုလ်များအနေဖြင့်လည်း ဆရာအတတ်သင်ပညာရေး အရည်အသွေးမြှင့်တင်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တုနည်းပညာ (AI) ခေတ်အတွက် အဆင်သင့်ဖြစ်သည့် ဆရာ၊ ဆရာမများ မွေးထုတ်ပေးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် လူမှုအသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားကြရန်လည်းလိုအပ်ကြောင်း။ မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟု ဆိုကြပြီး ရေနှင့် အစားအစာသည် ခန္ဓာကိုယ်အသက်ရှင်ရပ်တည်ရန် လိုအပ်သကဲ့သို့ ပညာသည်လည်း လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်နိုင်ရန် မရှိမဖြစ်လိုအပ်ကြောင်း၊ စာပေဗဟုသုတနှင့် အသိပညာမပြည့်စုံသူများသည် ဘဝတစ်လျှောက် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် အခက်အခဲများစွာ ကြုံတွေ့နိုင်သောကြောင့် ပညာအသက် ဘဝတစ်သက်ဟုလည်း ဆိုနိုင်ကြောင်း။ ထို့ကြောင့် ပညာရေးသည် စာသင်ကြားပေးခြင်း၊ ဘွဲ့လက်မှတ်ရရှိစေခြင်းဟူသည့်အဆင့်ထက် ပိုမိုကျယ်ပြန့်ပြီး လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ်အရည်အသွေးများ ပြည့်ဝသည့် လူတော်လူကောင်းများဖြစ်လာစေရေးပညာရေးဖြင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်းပြောကြားခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများသည် စာအုပ်ထဲမှ ပညာရပ်များကို သာ သင်ယူကြသည်မဟုတ်ဘဲ ဆရာ၊ ဆရာမများ၏ အပြုအမူ၊ အပြောအဆို၊ စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှုနှင့် ကိုယ်ကျင့်တရားများကိုပါ အတုယူသင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက ဩဝါဒစကားဆက်လက်ပြောကြားရာတွင် ဆရာကောင်းတပည့် ပန်းကောင်းပန်ဟူသည့် ဆောင်ပုဒ်သည် အဓိပ္ပာယ်အလွန်နက်ရှိင်းကြောင်း၊ ဆရာကောင်းတစ်ဦး၏ သင်ကြားပေးမှု၊ လမ်းညွှန်မှုနှင့် စံနမူနာကောင်းများသည် တပည့်များ၏ ဘဝတစ်လျှောက်လုံးအတွက် အကျိုးပြုနိုင်ကြောင်း၊ မိမိတို့၏ တပည့်များကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဓာတ်များကိန်းအောင်း ရှင်သန်လာစေရေးနှင့် လိမ္မာယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းအတွက် မဖြစ်မနေလိုအပ်သည့် စည်းကမ်းသိရှိလိုက်နာမှုများကို လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍအရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတိုးချဲ့ဖော်ဆောင်ရေး၊ သင်ကြားရေးနှင့်လုပ်ငန်းခွင်လိုအပ်ချက်များ ကိုက်ညီစေရေး၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေး လျက်ရှိနေကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

မုန့်ဖုတ်နည်းသင်တန်း ဖွင့်လှစ်သင်ကြား

ပြင်ဦးလွင် နိုဝင်ဘာ ၁၈

မုန့်ဖုတ်ခြင်းဆိုင်ရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုများ တိုးတက်လာစေရန်၊ မိမိစိတ်ကြိုက် အရသာ၊ ပုံစံအလှဆင်မှုများဖြင့် ဖန်တီးနိုင်ရန်နှင့် ကိတ်မုန့်ပြုလုပ်ခြင်းမှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်းနှင့် စိတ်ရှည်သည်းခံမှုတို့ တိုးတက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကိတ်မုန့်ဖုတ်နည်းသင်တန်းကို ပြင်ဦးလွင်ခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ နိုဝင်ဘာ ၁၆ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် သင်တန်းတတိယနေ့အား ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်းတတိယနေ့တွင် သင်တန်းနည်းပြအဖြစ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေါ်သီရိအောင်နှင့် ဒေါ်ခင်မြတ်ဝေတို့မှ ဘတ်တာကွတ်ကီးပြုလုပ်နည်းများ၊ ကော်ဖီကွတ်ကီးပြုလုပ်နည်းများနှင့် cup cake ပြုလုပ်နည်းများအား စာတွေ့၊ လက်တွေ့သင်ကြားခဲ့ရာ သင်တန်းသား၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ လေ့လာသင်ယူခဲ့သည်။ အဆိုပါသင်တန်းအား ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ခရိုင်/ပြန်ဆက်)

၀-၀-၀-၀-၀

၀-၀-၀

အမရပူရမြို့နယ်၌ ၂၀၂၆ခုနှစ်၊ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

အမရပူရ နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိတောင်သူများအား ၂၀၂၆-၂၀၂၇ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း နှင့် ပက်သက်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်ဝေမာက ချေးငွေညွှန်ကြားစာပါစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ လူဦးရေ ၅၀၊ စပါး(ဧက) ၈၀နှင့်ပဲယဉ်း၉၉ဧက တို့အတွက် ထုတ်ချေးငွေ ၄၈၇၅၀၀၀၀ကျပ်အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(လဲ့လဲ့ခိုင်)

ပျော်ဘွယ်မြို့နယ်၌ KGကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်

ပျော်ဘွယ် နိုဝင်ဘာ ၁၈

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ပညာရေးဌာနနှင့်ပူးပေါင်း၍ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖွံ့ဖြိုးစေရန်ရည်ရွယ်ပြီး ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့အောင်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အစာမစားမီ စနစ်တကျလက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် နေ့စဉ်ကျန်းမာရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို ရှင်းလင်းသင်ကြားပေးသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအစီအစဉ်အရ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ဇူလိုင်လမှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ အာဟာရကျွေးမွေးမှု ကိုးကြိမ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

၀-၀-၀-၀-၀

အောင်မြေသာစံမြို့နယ်၌ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများအဖြစ် စာပေပြိုင်ပွဲများ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများလှုပ်ရှားမှုအဖြစ် စာပေပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။



စာပေပြိုင်ပွဲများ ကျင်းပရာတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာအမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု (Library Campaign) များကို ဆောင်ရွက်လျက်ရှိရာ ကလေးများအတွက် ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်၊ လူငယ်များဘဝတိုးတက်ရေးအတွက် အသိပညာ၊ ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည်နှင့် မိဘများအတွက် မိသားစုနှင့်အတူ စာဖတ်ကြစို့ စသည့်အစီအစဉ်များအား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်သော ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများအား ကျင်းပပေးခဲ့ပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု (Library Campaign) စာပေပြိုင်ပွဲများသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်၍ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

၀-၀-၀

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့အစီအစဉ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည့်အစီအစဉ်သို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

မိန့်ခွန်းပြောကြားသည့် အစီအစဉ်သို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားလေ့လာသူဧည့်သည်တော် ၃၀၀ တို့ တက်ရောက်လေ့လာကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၀ တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်း တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



၎င်းနောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားရန်အတွက် ဖိတ်ခေါ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် မိမိတို့အစိုးရသစ်တာဝန်ယူပြီးယခုအခါ ရက်ပေါင်း ၂၂၂ ရက်ပြည့်မြောက်ချိန်တွင် မိမိတို့အစိုးရ ဆောင်ရွက်ခဲ့မှုများနှင့် နိုင်ငံတော်၏အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ သိရှိနိုင်ရန်အတွက် ယခုကဲ့သို့တက်ရောက်ပြောကြားခြင်းဖြစ်ကြောင်း။

နိုင်ငံ့ GDP တိုးတက်ရေးအတွက် ပြည်တွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် အလေးထားဆောင်ရွက်ကြရန်လို

မိမိတို့အစိုးရအနေဖြင့် မူဝါဒနှစ်ရပ်ချမှတ်ထားပြီး အမျိုးသားရေးမူဝါဒတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကို ချမှတ်ထားကြောင်း၊ နိုင်ငံရေးမူဝါဒတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာဖော်ဆောင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရေးဟူသည့်မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်နိုင်ငံပင်ဖြစ်စေ အစိုးရများနှင့် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်ခု၏စီးပွားရေးကို ဂျီဒီပီဖြင့် တိုင်းတာကြပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံတူညီမှုမရှိကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေးကိုကြည့်မည်ဆိုပါက ၂၀၂၅ ခုနှစ်တွင် ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁၇ ဘီလီယံခန့်ရှိပြီး အာဆီယံ ၁၁ နိုင်ငံတွင် အဆင့် (၇) တွင်ရှိကြောင်း၊ ယခုနှစ်တွင်နိုင်ငံ၏ ဂျီဒီပီကို အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံအထိ တိုးတက်လာစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် အာဆီယံနိုင်ငံများ၌ ပါဝင်သည့် ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၄၉၄ ဒသမ ၀၅ ဘီလီယံ၊ မလေးရှားနိုင်ငံ၏ ဂျီဒီပီသည် ၄၇၁ ဒမသ ၁၉ ဘီလီယံ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဂျီဒီပီသည် ၄၉ ဒသမ ၂၉ ဘီလီယံရှိကြောင်း၊ အဆိုပါနိုင်ငံများသည် မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည့် နိုင်ငံများပင်ဖြစ်ကြကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသည့် တရုတ်နိုင်ငံ၊ လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့်လူဦးရေများပြားသည့် နိုင်ငံများအကြားတွင်တည်ရှိနေကြောင်း၊ ထိုသို့တည်ရှိနေခြင်းကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပပို့ကုန်များ တင်ပို့နိုင်ရန်အတွက် အခွင့်အလမ်းများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ထုတ်ကုန်များ ရောင်းချမည့်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်ကို သိရှိရန်နှင့် ဈေးကွက်ခိုင်မာမှုရရှိအောင် တည်ဆောက်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ပဲများကို အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရာတွင် ပြည်ပနိုင်ငံတစ်ခု၊ နှစ်ခုတည်းကိုသာ မှီခိုနေ၍မရဘဲ မိမိတို့ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်သည့် အခြားပြည်ပ ဈေးကွက်များကိုလည်း ရှာဖွေဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဂျီဒီပီကို လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး စသည့်ကဏ္ဍကြီးသုံးခုဖြင့် တိုင်းတာကြကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရောင်းဝယ်ခြင်းလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ သကြားစက်၊ ရော်ဘာစက် စသည့်လုပ်ငန်းများလည်းပါဝင်ပြီး ၎င်းတို့အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများသည်လည်း စက်မှုလုပ်ငန်းတွင် ပါဝင်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိက ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြကြောင်း၊ ထိုအထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံ၏စီးပွားရေးကို လုပ်ဆောင်နေခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ခေတ်အဆက်ဆက်စီးပွားရေးကို ပြန်ကြည့်မည်ဆိုပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသာမက မြေပေါ် မြေအောက်သယံဇာတပစ္စည်းများ ထုတ်လုပ်တင်ပို့ရောင်းချခဲ့သည်များလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သစ်ထုတ်လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၄၁ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ တစ်နိုင်ငံလုံးသစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာစေရေး သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြန်လည်ဖြည့်တင်း၍မရနိုင်သည့် သတ္တုတူးဖော်ခြင်းများ မရှိစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

ခေတ်အဆက်ဆက်တွင် ထုတ်ကုန်ပစ္စည်းများ နည်းပါးခဲ့ခြင်းကြောင့် ပို့ကုန်၊ သွင်းကုန် မညီမျှမှုများဖြစ်ပေါ်ခဲ့ပြီး ကုန်သွယ်မှုမှအပ ဝင်ငွေ Non-trade များဖြစ်ကြသည့် ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများ၊ ပြည်ပရင်းနှီးမြှုပ်နှံငွေများ၊ အခွန်အခများဖြင့် ကုန်သွယ်မှုလိုငွေများကို ဖြေရှင်းခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ကြခြင်းကြောင့် လွန်ခဲ့သည့် ၁၀ စုနှစ်အတွင်း ပြည်ပကြွေးမြီများ တိုးလာခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီမိုကရေစီပထမအစိုးရ တာဝန်ယူချိန်တွင် ပြည်ပလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံခန့်၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒီမိုကရေစီဒုတိယအစိုးရ တာဝန်ယူချိန်တွင် ပြည်ပလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံခန့်ရှိခဲ့ပြီး စုစုပေါင်းပြည်ပလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ ဘီလီယံခန့် ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်ပကြွေးမြီများကို ရနိုင်သမျှ ပြန်လည်ပေးဆပ်ခဲ့ပြီး ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၉ ဘီလီယံအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပကြွေးမြီများ ပြန်လည်ပေးဆပ်ရာတွင် ပြည်ပမှ ထောက်ပံ့ငွေများ၊ ချေးငွေများမရရှိခဲ့ကြောင်း၊ ယခု ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ မိမိတို့နိုင်ငံ၏ ပြည်ပကြွေးမြီမှာ ၈ ဒသမ ၅ ဘီလီယံသာ ရှိတော့ကြောင်း။

စာမျက်နှာ ၄ သို့ ☆

- ❖ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် အလေးထားဆောင်ရွက်ကြရန်လို
- ❖ မိမိတို့ထုတ်ကုန်များ ရောင်းချမည့်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်ကို သိရှိရန်နှင့် ဈေးကွက်ခိုင်မာမှုရရှိအောင် တည်ဆောက်ရန်လို
- ❖ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ပဲများကို အဓိကတင်ပို့ရောင်းချလျက်ရှိ
- ❖ ထိုသို့တင်ပို့ရာတွင် ပြည်ပနိုင်ငံတစ်ခု၊ နှစ်ခုတည်းကိုသာ မှီခိုနေ၍မရဘဲ မိမိတို့ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်သည့် အခြားပြည်ပ ဈေးကွက်များကိုလည်း ရှာဖွေဆောင်ရွက်နေရန်လို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများ တတိယအကြိမ်လွတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် နိုင်ငံခြားငွေများရရှိရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် မဖြစ်မနေဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ္ဘာ့ဘဏ် ၏ထုတ်ပြန်ချက်အရ မိမိတို့နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုမှာ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၁၆ ဒသမ ၄ သန်း (၂၉ ဒသမ ၉ ရာခိုင်နှုန်းခန့်)ရှိသည်ဟု သိရှိရကြောင်း၊ အခြေခံသောအချက်အလက်များအပေါ် မူတည်၍ လွဲမှားနိုင်ခြေရှိသော်လည်း အတိုင်းအတာတစ်ခုအထိ မှန်ကန်မှုရှိနိုင်ကြောင်း။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စိုက်ပျိုးမြေများ လုံလောက်စွာရှိသကဲ့သို့ ရေအရင်းအမြစ်များလည်း ပေါကြွယ်ဝစွာရှိကြောင်း၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့် မြစ်ကြီးများမှလည်း စိုက်ပျိုးရေများကို လုံလောက်စွာ ရရှိနိုင်သော်လည်း မိမိတို့အနေဖြင့် အပြည့်အဝ အကျိုးရှိစွာ အသုံးချနိုင်မှုမရှိခြင်းကြောင့် ၈၀ ရာခိုင်နှုန်းခန့်မှာ ပင်လယ်ထဲသို့ စီးဝင်သွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရှိပြီးဖြစ်သည့် မြေသယံဇာတ၊ ရေသယံဇာတများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျအသုံးချ ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ယခုထက်များစွာတိုးတက် အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဓိက လိုအပ်ချက်မှာ အားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် အလုပ်အကိုင်များလုပ်ကိုင်နိုင်ရေး နိုင်ငံတော်အစိုးရက ဖန်တီးဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်

မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန် မှစတင်၍ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။ ပြည်ပနိုင်ငံကိုးခုသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး ခုနှစ်နိုင်ငံတွင် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါစီးပွားရေးဖိုရမ်များတွင် မိမိတို့နိုင်ငံသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး အချို့နိုင်ငံကြီးများအနေဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုစိမ်ကိန်း ၆၈ ခုကို ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၁၃ ခုကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ဖန်တီးပေးရန်နှင့် လုပ်ငန်းရှင်များက အရင်းအနှီးများထည့်ဝင်ပြီး အလုပ်အကိုင်နှင့် ထုတ်လုပ်မှုကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ လွတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း အဆိုပါ စည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့်ပတ်သက်၍ လေ့လာပြီး လိုအပ်ချက်များကို ပြဋ္ဌာန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ကုန်စျေးနှုန်းကြီးမြင့်မှုလျော့ချနိုင်ရေး

လက်ရှိအချိန်တွင် မိမိတို့ကြုံတွေ့နေရသည်မှာ ကုန်စျေးနှုန်းကြီးမြင့်မှုပြဿနာပင် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်စားသုံးမှုမမျှတပါက မည်သည့်နိုင်ငံပင်ဖြစ်စေ ပစ္စည်းရှားပါးပြီး ကုန်စျေးနှုန်းကြီးမြင့်မှုပြဿနာဖြစ်ပေါ်သည်ကို ခေတ်အဆက်ဆက်တွင် လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းကြောင့်လည်း ကုန်စျေးနှုန်းများ ကြီးမြင့်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ကုန်ပစ္စည်းများရရှိနိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းမရှိပါက ရောင်းကုန်များ မရရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့ပြနေလူဦးရေ ၁၅ သန်းခန့်ရှိပြီး နေ့စဉ်စားသုံးရန် အတွက် ကြက်ဥအလုံးရေ ၁၅ သန်းခန့် လိုအပ်ကြောင်း၊ ဥနှုန်း ၈၀ ရာခိုင်နှုန်းရှိ ဥစားကြက် သန်း ၂၀ ခန့် မွေးမြူရန်၊ ဥနှုန်း ၇၀ ရာခိုင်နှုန်းဆိုပါက ဥစားကြက် ၂၂ သန်းခန့်၊ ဥနှုန်း ၆၀ ရာခိုင်နှုန်းဆိုပါက ဥစားကြက် ၂၅ သန်းခန့်မွေးမြူရန်လိုအပ်ကြောင်း၊ အဆိုပါအချက်ကို ဥပမာယူပြီး ဒေသအလိုက် ကုန်စျေးနှုန်းကြီးမြင့်မှုကို လျော့ချနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်လိုကြောင်း။



အခြားနိုင်ငံများတွင်လည်း ပြည်တွင်းစားရေးကို အထောက်အကူပြုနိုင်မည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိကြသည်ကို လေ့လာသိရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ထုတ်လုပ်မှုနှင့်စားသုံးမှုမျှတစေရေး မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် မှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်များကို အသုံးပြု၍ တိရစ္ဆာန်အစာများကိုထုတ်လုပ်ပြီး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စားရေးကို အထောက်အကူပြုစေမည့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်အောင်ထုတ်လုပ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျော့ချပေးနိုင်မည်ဆိုပါက ကုန်စျေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကုန်စျေးနှုန်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မီးရထားဖြင့် ကုန်ရထားပြေးဆွဲခြင်းများကို ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုအခါတွင် ရူပါအယ်လ်နီညှိဖြစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး ရာသီဥတုများ ဖောက်ပြန်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် ရာသီဥတုဖောက်ပြန်မှုသည် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ရူပါအယ်လ်နီညှိဖြစ်စဉ်ကြောင့် အပူချိန်များ မြင့်မားမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရိတ်သိမ်းရန်ရှိသည့် စပါးစိုက်ခင်းများကိုလည်း အချိန်မီရိတ်သိမ်းနိုင်ရန် လိုအပ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပြီး သီးနှံထွက်ရှိမှုများ ကျဆင်းနိုင်ခြေတို့ကို ထည့်သွင်းစဉ်းစား၍ ပြည်တွင်းပို့လှုံထွက်ကုန်များဖြင့် စျေးကွက်ကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ မြေဆီလွှာ၊ ရေနှင့် စိုက်ပျိုးနည်းစနစ်များ ပြည့်စုံရန်လိုအပ်

မိမိတို့အစိုးရအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးသည့် သီးနှံများအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အဓိကအားဖြင့် ပြည်ပသို့ ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆန်တန်ချိန် ၂ ဒသမ ၈ သန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ထိုသို့တင်ပို့ရာတွင် ဆန်ကွဲများကိုပါ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များတင်ပို့ရာတွင် အရည်အသွေးကောင်းမွန်သည့်ဆန်များ ဖြစ်မှသာ စျေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် စပါးမျိုးကောင်းများကို စိုက်ပျိုးကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ၌ အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး မျိုးကောင်းမျိုးသန့်များ ရရှိရန်၊ မြေဆီလွှာကောင်းမွန်မှုရှိအောင်ပြုပြင်ထားရှိရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်နှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိရန်တို့သည် အဓိကကျသည့်အချက်များဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်အသုံးပြုခြင်းအပြင် သင့်လျော်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အသုံးပြုခြင်း၊ မြေယာပြုပြင်ခြင်းနှင့် ရေအရင်းအမြစ်များ စနစ်တကျအသုံးချခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စပါးစိုက်ပျိုးရာတွင်လည်း အပင်အရေအတွက်၊ အနံအရေအတွက်နှင့် စိုက်ခင်းအတွင်း အပင်များ ညီညာစွာရှင်သန်ကြီးထွားမှုတို့အပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားနိုင်သဖြင့် ကြပက်စိုက်ပျိုးခြင်းထက် စနစ်တကျစိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့ သွားရောက်၍ တာဝန်ရှိသူများ၊ ပြည်သူလူထုများနှင့်တွေ့ဆုံစဉ် တောင်သူလယ်သမားများ အနေဖြင့် လုပ်သားအင်အားနှင့် စိုက်ပျိုးစရိတ် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရသည့် အတွက် မျိုးစေ့ချက်ရီယာ(Seed Feeder)များ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အပါအဝင် ဒေသအချို့တွင် စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှုရရှိသည့် လယ်ယာများရှိကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် စက်ကိရိယာများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် တောင်သူများအား အသိပညာပေးခြင်းနှင့် လက်တွေ့အသုံးချနိုင်ရန် ပံ့ပိုးပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နွေစပါးစိုက်ပျိုးရာတွင်လည်း စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံးကို ထိရောက်စွာ အသုံးချစိုက်ပျိုးနိုင်ခြင်းမရှိသေးဘဲ အချို့မြေဧရိယာများတွင် သီးနှံစိုက်ပျိုးနိုင်ခြင်းမရှိသေးသည့် အခြေအနေများ ရှိနေကြောင်း၊ ယင်းမြေများတွင် ဆီထွက်သီးနှံများ၊ ပဲများ စိုက်ပျိုးလျက်ရှိသည်ကိုလည်း စာရင်းကောက်ယူချက်များအရ သိရှိရပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်ရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့အပြင် ချောင်း၊ မြောင်းနှင့် မြေအောက်ရေအရင်းအမြစ်များကို စနစ်တကျ ရှာဖွေဖော်ထုတ်အသုံးချနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့နိုင်မည်ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ထို့ကြောင့် ကိုယ်စားလှယ်တော်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ပြန်လည်ရောက်ရှိပါက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဒေသအလိုက် ရေအရင်းအမြစ်အခြေအနေများနှင့် လိုအပ်ချက်များကို စိစစ်ဖော်ထုတ်တင်ပြကြရန် လိုအပ်ကြောင်း၊ ဒေသအလိုက် အမှန်တကယ်ကြုံတွေ့နေရသည့် အခြေအနေများကို အခြေခံ၍အစိုးရအဖွဲ့ထံတင်ပြနိုင်ရေးနှင့် လိုအပ်သည့် ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးနှင့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်လို

မြန်မာနိုင်ငံတွင် ပေါ်ဆန်းဆန်သည် ရှေးယခင်ကတည်းက စိုက်ပျိုးထုတ်လုပ်ခဲ့သည့် အရည်အသွေးမြင့် ဆန်အမျိုးအစားတစ်ခုဖြစ်ပြီး ပုသိမ်ပေါ်ဆန်း၊ ပဲခူးဒေသထွက် ပေါ်ဆန်းနှင့် ရွှေဘိုပေါ်ဆန်းတို့ကဲ့သို့ ဒေသအလိုက် ထင်ရှားသည့် ပေါ်ဆန်းအမျိုးအစားများရှိကြောင်း၊ မြန်မာ့ပေါ်ဆန်းဆန်သည် ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ဆန်ပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သည့် မှတ်တမ်းကောင်းများရှိခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဂုဏ်သတင်းနှင့် အရည်အသွေးမှေးမှိန်နေခဲ့ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည့်အချိန်တွင် မြန်မာ့ပေါ်ဆန်းဆန်၏ နိုင်ငံတကာဂုဏ်သတင်းကို ပြန်လည်မြှင့်တင်နိုင်ရေးနှင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရေး တွန်းအားပေး၍ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် ကမ္ဘာ့ဆန်ပြပွဲ၌ မြန်မာ့ပေါ်ဆန်းဆန်အနေဖြင့် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ရရှိနိုင်ခဲ့ကြောင်း၊ ယင်းအောင်မြင်မှုများကို ရေရှည်တည်တံ့စေရန် ဆန်အရည်အသွေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်ကြောင်း၊ ပေါ်ဆန်းဆန်သည် အခြားဆန်အမျိုးအစားများထက် ဈေးကွက်တန်ဖိုးမြင့်မားသော်လည်း ဒေသတိုင်းတွင် တစ်ပုံစံတည်း စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ မြေအမျိုးအစား၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများအပေါ် မူတည်၍ အရည်အသွေးကွာခြားမှုများရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသည့် ဒေသနှင့် ကိုက်ညီသည့်မျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ အရည်အသွေးမပြည့်မီသည့် ဆန်များကို ပေါ်ဆန်းအမည်ဖြင့် ဈေးကွက်သို့တင်ပို့ပါက မြန်မာ့ပေါ်ဆန်း၏ နိုင်ငံတကာဂုဏ်သတင်းနှင့် ယုံကြည်မှုကို ထိခိုက်စေနိုင်သဖြင့် အရည်အသွေးထိန်းချုပ်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်နှင့် ထိုင်းနိုင်ငံ၏ ဂျက်စမင်းဆန်တို့ကဲ့သို့ နိုင်ငံတကာတွင် နာမည်ကျော်ကြားသည့် ဆန်အမျိုးအစားများ များစွာရှိသကဲ့သို့ မြန်မာ့ပေါ်ဆန်းဆန်ကိုလည်း နိုင်ငံတကာ ဈေးကွက်တွင် ခိုင်မာသည့် အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်သင့်ကြောင်း၊ တောင်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဈေးကွက်အလားအလာကို သာကြည့်၍ ဈေးကွက်ရရှိသည့် မျိုးတူသီးနှံများကို အစုလိုက်အပြုံလိုက် ပြောင်းလဲစိုက်ပျိုးခြင်းမပြုဘဲ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးသွားကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး၌ ရေရှည်အကျိုးဖြစ်ထွန်းရေးကို အခြေခံ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနှင့်အညီ စနစ်တကျ အသုံးချရန်လို

မြန်မာနိုင်ငံတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နှစ်တိုနှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုဇုန်များနှင့် အိမ်ရာစီမံကိန်းများအပါအဝင် နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အသုံးချနိုင်သည့် အလားအလာများရှိကြောင်း၊ သို့သော် သတ်မှတ်ထားသည့် မြေယာများကို ခွင့်ပြုချက်ရယူပြီးနောက် သတ်မှတ်ကာလအတွင်း အမှန်တကယ် အသုံးချခြင်းမရှိဘဲ အခြားရည်ရွယ်ချက်များဖြင့် ပြောင်းလဲအသုံးပြုနေသည့် ဖြစ်စဉ်များလည်းရှိကြောင်း၊ ထို့ကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်မှုများကို ထိရောက်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် မြေအသုံးချမှုများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ခဲ့ရာ ယခင်ကခွင့်ပြုပေးထားခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အနက် သတ်မှတ်ချက်များနှင့်အညီ အမှန်တကယ် အသုံးချခြင်းမရှိသည့် မြေယာအချို့ကို ပြန်လည်သိမ်းဆည်းခဲ့ရခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မြေယာခွင့်ပြုခြင်း၊ အသုံးချမှု စစ်ဆေးခြင်းနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်မှု ရှိ၊ မရှိ စိစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကျောင်းနှင့် တက္ကသိုလ် အဆင့်မြှင့်တင်ရေး

အဆင့်	ပညာရေးဆိုင်ရာ အဆင့်မြှင့်တင်မှု	သင်ကြားရေး ပြုပြင်မှု
အခြေခံပညာ	မူလတန်း ၃-၅ ဧက၊ အလယ်တန်း ၅-၇ ဧက၊ အထက်တန်း ၇-၁၀ ဧက	ကျောင်းမြေနေရာနှင့် အဆောက်အဦများကို အဆင့်လိုက်မြှင့်တင်ရန်
အဆင့်မြင့်ပညာ	ပညာရေးဒီဂရီကောလိပ် ၂၅ ခုအနက် ၅ ခုကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်ရန်	စာသင်ဆောင်၊ အားကစားကွင်းနှင့် သန့်ရှင်းရေး အဆောက်အဦ ဖြည့်ဆည်းရန်
အဝေးသင် ပညာရေး	ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်နှင့်ဒီဂရီကောလိပ် ၄၀ တွင် သင်တန်းများ ဖွင့်လှစ်ထား	အွန်လိုင်းကျောင်းအပ်၊ LMS သင်ကြားမှုနှင့် သိပ္ပံလက်တွေ့သင်ခန်းစာ ထည့်ရန်

၂၅

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်လို

မိမိတို့နိုင်ငံအနေဖြင့် လောင်စာဆီနှင့်စားသုံးဆီ ကဏ္ဍတို့တွင် ပြည်ပမှ တင်သွင်းမှုအပေါ် မှီခိုနေရသည့် အခြေအနေများရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ နှစ်စဉ်ပမာဏများစွာ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နှမ်း၊ မြေပဲ၊ နေကြာနှင့် ပဲပုပ်အပါအဝင် ဆီထွက်သီးနှံများကို ဒေသအလိုက် သင့်လျော်သည့် မြေယာနှင့် ရာသီဥတုအခြေအနေများအပေါ်မူတည်၍ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့်လည်း မိမိတို့ ဒေသအလိုက် စားသုံးဆီဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ စိစစ်ပြီး လိုအပ်သည်များကို ထောက်ပြပြောဆိုသွားရန် လိုအပ်ကြောင်း။

ရော်ဘာ၊ ကော်ဖီနှင့် ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုများ တိုးချဲ့၍ ပြည်ပပို့ကုန်ဝင်ငွေ မြှင့်တင်ရန်လို

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှုအတွက် လက်ရှိအသုံးပြုနေသည့် မြေဧရိယာများအပြင် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧရိယာများလည်းရှိနေကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်သည့် အလားအလာများရှိကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် ပေ ၃၀၀၀ အထက် ကုန်းမြင့်ဒေသများ၌ စိုက်ပျိုးထုတ်လုပ်သည့် အာရေဗီကာကော်ဖီသည် အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်တွင် တန်ဖိုးမြင့်မားသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ တနသံာရီတိုင်းဒေသကြီး အပါအဝင် သင့်လျော်သည့်ဒေသများ၌ ကော်ဖီစိုက်ပျိုးမှုကို ထပ်မံတိုးချဲ့နိုင်သည့် အလားအလာရှိကြောင်း၊ ယခင်က ပြင်ဦးလွင်နှင့် နောင်ချိုဒေသများ၌ ကော်ဖီစိုက်ပျိုးရန်မြေနေရာများ ခွင့်ပြုနေရာချထားပေးခဲ့သော်လည်း လက်တွေ့စစ်ဆေးသည့်အချိန်တွင် သတ်မှတ်ထားသည့် ရည်ရွယ်ချက်အတိုင်း ကော်ဖီစိုက်ပျိုးခြင်းမရှိဘဲ အခြားလုပ်ငန်းများအတွက် အသုံးပြုနေသည့်အခြေအနေများကို တွေ့ရှိခဲ့ရကြောင်း၊ အချို့ နေရာများတွင် လူနေအိမ်များ၊ မွေးမြူရေးခြံများနှင့် အပန်းဖြေစခန်းများ တည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ခွင့်ပြုထားသည့်မြေယာများကို ရည်ရွယ်ချက်အတိုင်း အမှန်တကယ် အသုံးချမှုရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်ကြောင်း၊ ကိုကိုးသည် ချောကလက်ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ကုန်ကြမ်းဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင် တန်ဖိုးမြင့်မားသည့် ထုတ်ကုန်ဖြစ်ကြောင်း၊ ရော်ဘာ၊ ဆီအုန်း၊ ဒူးရင်းနှင့် အခြားနှစ်ရှည်ပင်စိုက်ခင်းများအတွင်း သင့်လျော်သည့်နေရာများ၌ ကြားညှပ်စိုက်ပျိုးနိုင်သည့် အလားအလာများရှိသဖြင့် သက်ဆိုင်ရာဒေသများအနေဖြင့် ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသင့်ကြောင်း။

MSME လုပ်ငန်းများကို ဒေသထွက် ကုန်ကြမ်းအခြေခံ၍ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ရန်လို

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME)သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ယင်းလုပ်ငန်းများသည် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဒေသတွင်း စီးပွားရေးလည်ပတ်မှု အားကောင်းစေရေးတို့အတွက် အထောက်အကူပြုနိုင်ကြောင်း၊ သက်ဆိုင်ရာကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ၄၅ ကြိမ် သွားရောက်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းဆွေးနွေးကူညီဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ ချည်ထည်လုပ်ငန်း၊ အသုံးအဆောင် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများကို ဖော်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်တွင်း၌မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်အရေအတွက် များပြားလာသည့်အတွက် လိုအပ်နေသည့် တာယာနှင့် ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးသည့် ဒေသများတွင် ရော်ဘာကုန်ကြမ်းကို အခြေခံသည့် စက်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေး တိုက်တွန်းဆောင်ရွက်သင့်ကြောင်း၊ ထို့အတူ ဝါစိုက်ပျိုးသည့် ဒေသများတွင် ဝါကုန်ကြမ်းကိုအခြေခံသည့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ကရင်ပြည်နယ်တွင် ဖိနပ်စက်ရုံတည်ထောင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် တနသံာရီတိုင်းဒေသကြီးတွင် တာယာနှင့်ကျွတ်များ ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့သည် ကြိုဆိုအားပေးရမည့်လုပ်ငန်းများဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများက အားပေးတိုက်တွန်းသွားရန် လိုအပ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ရန်လို

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မော်တော်ယာဉ်များ မည်မျှကောင်းမွန်နေသည်ဖြစ်စေ လမ်းများကောင်းမွန်မှုမရှိပါက အရှိန်လျှော့မောင်းနှင်နေရမည်ဖြစ်သကဲ့သို့ ရထားလမ်းများ မကောင်းပါကလည်း သတ်မှတ်အရှိန်အတိုင်း မောင်းနှင်၍ ရနိုင်မည်မဟုတ်ကြောင်း၊ ရထားလမ်းများနှင့် အခြေခံအဆောက်အအုံများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်တင်ရန်လိုပြီး ရထားလမ်းများတွင် ကျောက်များဖြည့်တင်းခြင်း၊ ဇလီဖားတုံးများ စနစ်တကျ တပ်ဆင်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်းတို့သည် ရထားပြေးဆွဲမှုဘေးကင်းလုံခြုံရေးနှင့် အမြန်နှုန်းမြှင့်တင်နိုင်ရေးတို့အတွက် အရေးကြီးကြောင်း။

ရန်ကုန်-မန္တလေး ရထားလမ်းအပါအဝင် ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်နှင့် မော်လမြိုင်-ရေး ရထားလမ်းများကို အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားလမ်းတစ်လျှောက်ရှိ တံတားများ၏ ခံနိုင်ရည်စွမ်းအားကိုလည်း မြှင့်တင်ရန်လိုအပ်ကြောင်း၊ ရထားများကို တစ်နာရီလျှင် ကီလိုမီတာ ၇၀ မှ ၈၀ ခန့်အထိ အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ရေးအတွက် တံတားများသည် သတ်မှတ်ထားသည့် ဖိအားနှင့်တုန်ခါမှုဒဏ်ကို ခံနိုင်ရည်ရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိတံတားများကို စစ်ဆေးပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရထားနှစ်စင်း တစ်လမ်းတည်းတွင် အပြန်အလှန် ဖြတ်သန်းရာ၌ ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များကို လျှော့ချနိုင်ရေးအတွက် နှစ်လမ်းသွား ရထားလမ်း ဒွေးလမ်းများ ဖော်ဆောင်ရန်လည်း

စာမျက်နှာ ၆ သို့ ☆

- ❖ ရန်ကုန်-မန္တလေး ရထားလမ်းအပါအဝင် ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်နှင့် မော်လမြိုင်-ရေး ရထားလမ်းများကို အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိ
- ❖ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားလမ်းတစ်လျှောက်ရှိ တံတားများ၏ ခံနိုင်ရည်စွမ်းအားကိုလည်း မြှင့်တင်ရန်လိုအပ်၊ ရထားများကို တစ်နာရီလျှင် ကီလိုမီတာ ၇၀ မှ ၈၀ ခန့်အထိ အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ရေးအတွက် တံတားများသည် သတ်မှတ်ထားသည့် ဖိအားနှင့် တုန်ခါမှုဒဏ်ကို ခံနိုင်ရည်ရှိရန် လိုအပ်
- ❖ လက်ရှိတံတားများကို စစ်ဆေးပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရထားနှစ်စင်း တစ်လမ်းတည်းတွင် အပြန်အလှန် ဖြတ်သန်းရာ၌ ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များကို လျှော့ချနိုင်ရေးအတွက် နှစ်လမ်းသွား ရထားလမ်း ဒွေးလမ်းများ ဖော်ဆောင်ရန်လည်း စီစဉ်ဆောင်ရွက်နေ

☆ စာမျက်နှာ ၅ မှ

စီစဉ်ဆောင်ရွက်နေကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ဆက်စပ်အသုံးပြုနိုင်ရေးအတွက် ရေး-ထားဝယ် ပင်လယ်ကမ်းရိုးတန်းအတိုင်း ရထားလမ်းသစ်ဖောက်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်း အကောင်အထည်ဖော်နိုင်မည်ဆိုပါက ထားဝယ်ဒေသနှင့် ဆက်စပ်ဒေသများအကြား သယ်ယူပို့ဆောင်ရေးကဏ္ဍာပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်းဟု၊

မြန်မာ့မီးရထားကဏ္ဍာတွင် ပြည်တွင်း၌ ရထားတွဲများ ထုတ်လုပ်နိုင်ရေးနှင့် ကျွမ်းကျင်လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး ဆောင်ရွက်ရန်လို

မြန်မာ့မီးရထားလုပ်ငန်းသည် နှစ်ပေါင်း ၁၅၀ နီးပါး သက်တမ်းရှိလာပြီဖြစ်သော်လည်း ရထားပို့ဆောင်ရေးဆိုင်ရာ အရည်အသွေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့၌ လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ ယခင်ကပြည်ပနိုင်ငံများမှ ရထားတွဲများ ဝယ်ယူ တင်သွင်းအသုံးပြုခဲ့ရသော်လည်း ပြည်တွင်း၌ ရထားတွဲတည်ဆောက်ထုတ်လုပ်နိုင်သည့် စက်ရုံနှင့် အခြေခံစွမ်းဆောင်ရည်များရှိနေသဖြင့် ပြည်တွင်း အင်ဂျင်နီယာများ၏ နည်းပညာစွမ်းရည်ကို အသုံးချ၍ ရထားတွဲများကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့သို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ နည်းပညာစွမ်းရည်တိုးတက်လာစေရုံသာမက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိတ္ထီလာဖြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းကို မြန်မာ့မီးရထားပို့ဆောင်ရေးသိပ္ပံ (Government Railway Institute) အဖြစ် အဆင့်မြှင့်တင်၍ သုံးနှစ်သင်တန်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသင်တန်းမှတစ်ဆင့် ရထားလမ်းဆိုင်ရာ နည်းပညာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာနှင့် အုပ်ချုပ်မှုဆိုင်ရာ ပညာရပ်များတွင် ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း၊ မြန်မာ့မီးရထားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးခြင်းအပြင် သုတေသနလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရထားလမ်း၊ ရထားတွဲ၊ စက်ခေါင်းနှင့် ပို့ဆောင်ရေးစနစ်များဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရထားသုတေသနဌာနတစ်ခု ဖွင့်လှစ်ရန်စီစဉ်ထားပြီး ယင်းဌာနမှတစ်ဆင့် ရထားပို့ဆောင်ရေးဆိုင်ရာ နည်းပညာနှင့် လုပ်ငန်းစဉ်များကို လေ့လာသုတေသနပြု၍ လိုအပ်သည့် တိုးတက်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားကြောင်းဟု၊

လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားကဏ္ဍသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး လက်ရှိတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ရေအား လျှပ်စစ်ထုတ်လုပ်မှု၊ လေအားလျှပ်စစ်ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နေရာဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန် ငါးနှစ်အတွင်း မဂ္ဂါဝပ် ၅၀၀၀ ကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ထို့အပြင် မြန်မာ့ကမ်းလွန်ဒေသလုပ်ကွက်များရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များမှ ဓာတ်ငွေ့များ ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဟု၊



ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းများကို ၅ နှစ်အတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းထားသည်။ M-15 နှင့် A-6 ကမ်းလွန်သဘာဝဓာတ်ငွေ့များကို လက်ရှိအစိုးရကာလအတွင်း ထုတ်ယူသုံးစွဲနိုင်ရန် မျှော်မှန်းထားသည်။

ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့၌ 5G ဆက်သွယ်ရေးစနစ်ကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယင်းအောင်မြင်မှုအပေါ်အခြေခံ၍ နိုင်ငံတစ်ဝန်း 5G စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဟု၊

အခွန်အခများအပြည့်အဝရရှိရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခွန်အခများအပြည့်အဝရရှိရေးသည် အရေးကြီးကြောင်း၊ နိုင်ငံဝင်ငွေ၏ အဓိကအရင်းအမြစ်တစ်ခုဖြစ်သည့် အခွန်ငွေကောက်ခံရရှိမှုနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) အချိုးမှာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၆-၂၀၃၇ ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ရန် ရည်မှန်းထားကြောင်း၊ အခွန်နှုန်းထား (Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space) များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ် ကျယ်ပြန့်လာခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်းဟု၊

ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုတိုးမြှင့်ရန် လိုအပ်သကဲ့သို့ တရားမဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်ရန်လို

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိရေးအတွက် ပြည်တွင်းထုတ်လုပ်မှုများ တိုးမြှင့်ရန်နှင့် ကုန်သွယ်မှု လုပ်ငန်းများ ပိုမိုတိုးတက် လာစေရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးဟူ၍နှစ်မျိုးရှိပြီး တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးနှင့် စနစ်တကျ ကုန်သွယ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် နယ်စပ်ဒေသအချို့၌ တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် အခြေအနေများရှိနေပြီး တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ အခွန်ရငွေကို ထိခိုက်နိုင်သည့်အပြင် တရားမဝင်နယ်စပ်ဂိတ်များမှတစ်ဆင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် ငွေကြေးအထောက်အပံ့များရရှိနိုင်သည့် အခြေအနေများလည်းရှိနေကြောင်း၊ ထို့ကြောင့် တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းများကိုသာ အသုံးပြုစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးတိုက်တွန်းကြရန် လိုအပ်ကြောင်းဟု၊

ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်

ကျန်းမာရေးကဏ္ဍတွင် "ဆေးရုံရှိပါက ဆရာဝန်ရှိရမည်" ဟူသည့် မူဝါဒဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအပြောင်းအလဲကာလတွင် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်မှ ထွက်ခွာမှုများကြောင့် ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေး ဖိတ်ခေါ်ခဲ့ရာ အချို့ပြန်လည်ဝင်ရောက်လာခဲ့သော်လည်း လိုအပ်ချက်များ ဆက်လက်ရှိနေခဲ့ကြောင်း၊ ထို ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ကျန်းမာရေးဝန်ထမ်းအင်အား လိုအပ်မှုတို့ကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး တပ်မတော်မှ ဆရာဝန်၊ သူနာပြုများနှင့် အငြိမ်းစား ကျန်းမာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူကာ ဒေသအသီးသီးသို့ ဖြန့်ခွဲတာဝန်ပေးအပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ခဲ့ကြောင်း၊ ဆရာဝန်များ ခန့်ထားနိုင်ရေးတွင် လည်း ဆေးတက္ကသိုလ်များမှ ဘွဲ့ရရှိသည့် ဆရာဝန်အင်အားကို ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး အထူးကုဆရာဝန်များ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးကုဆရာဝန်မလုံလောက်သေးသည့်ဒေသများ၌အထွေထွေရောဂါကုဆရာဝန်များကို ခန့်အပ်ထားပြီး ဆေးရုံများတွင် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သူနာပြုအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် သူနာပြုသင်တန်းကျောင်းများ၏အရည်အသွေးနှင့် သင်တန်းအဆင့်အတန်းများ မြှင့်တင်ပေးခြင်း၊ သူနာပြုများအား လိုအပ်သည့်ဒေသများသို့ ဖြန့်ခွဲတာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများ အချိန်မရွေး ရေရှည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အိမ်ရာနှင့် လိုအပ်သော အထောက်အပံ့များ ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုင်ငံတော် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးတာဝန်များကိုထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက်လည်း လိုအပ်သည့် နေအိမ်အဆောက်အအုံများ ပြည့်စုံမှုရှိအောင် ဖြည့်ဆည်းပေးရန်လို ကြောင်းဟု၊

ပညာရေးကဏ္ဍနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး

ပညာရေးကဏ္ဍနှင့် ပတ်သက်၍လည်း အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားခွင့်ရရှိရေးနှင့် ဆရာ၊ ဆရာမအင်အား လုံလောက်စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအနက် ဖွင့်လှစ်နိုင်သည့် ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအားလုံး ပုံမှန်တက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံရေးအပြောင်းအလဲကာလအတွင်း မူလတန်းပြမှတက္ကသိုလ် ပါမောက္ခအဆင့်အထိ အင်အားတစ်သိန်းနှစ်သောင်းကျော် DCS လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသဖြင့် ဆရာအင်အားနှင့် ကျောင်းသားအချိုးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ သင်ကြားရေးဝန်ထမ်းလိုအပ်ချက်များနှင့် သင်ကြားရေးအခြေခံအဆောက်အအုံနှင့် မြေနေရာအခက်အခဲများနှင့် ပတ်သက်၍လည်း နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးကောလိပ်များ၏ အဆင့်အတန်းမြှင့်တင်ရေး၊ ဆရာအတတ်ပညာသင်ကြားမှု အရည်အသွေးတိုးတက်ရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းဟု၊

လူငယ်များ၏ စည်းကမ်းနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်ဖွံ့ဖြိုးရေး

ပညာရေးသည် စာပေသင်ကြားပေးရုံသာမက လူငယ်များ၏ စည်းကမ်း၊ အကျင့်စာရိတ္တနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်များ ဖွံ့ဖြိုးလာစေရေးအတွက်လည်း အရေးကြီးကြောင်း၊ ကျောင်းသားကျောင်းသူများအား အချိန်မှန်ကျောင်းတက်ခြင်း၊ စာသင်ခန်းအတွင်း စည်းကမ်းတကျနေထိုင်ခြင်း၊ ဆရာ ဆရာမများကို ရိုသေလေးစားခြင်း၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို လေးစားတန်ဖိုးထားခြင်း စသည့်အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် စည်းကမ်းလိုက်နာမှုတို့ကို မြှင့်တင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ပညာရေးစနစ်မှတစ်ဆင့် လူငယ်များ၏ အတွေးအခေါ်နှင့် အပြုအမူများ တိုးတက်ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဟု၊

“ လက်ရှိတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ လေအားလျှပ်စစ်ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နေရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန် ငါးနှစ်အတွင်း မဂ္ဂါဝပ် ၅၀၀၀ ကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ”

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ဖြည့်ဆည်း

ပညာရေးကဏ္ဍနှင့်ဆက်စပ်၍ တစ်ဆက်တည်းတွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်နှင့် အခြားအားကစားဆိုင်ရာ အခြေခံအဆောက်အအုံများလိုအပ်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အားကစားကွင်းများ၊ ဘောလုံးကွင်းများနှင့် ရေကူးကန်များ တည်ဆောက်ပေးလျက်ရှိပြီး အားကစားဆိုင်ရာအခြေခံအဆောက်အအုံများ ပြည့်စုံမှုမရှိသေးသည့် ဒေသများတွင်လည်း အဆင့်လိုက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် အားကစားကွင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရေး စနစ်တကျဖြင့် အစဉ်အဆက် ထိန်းသိမ်းကြရန်နှင့် အားကစားပြုလုပ်ရန်အတွက် သင့်လျော်သည့်ပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အားကစားသမားများ လေ့ကျင့်ရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားရန်လိုကြောင်း။

ထို့အပြင် အားကစားသမားများ၏ စွမ်းရည်တိုးတက်ရေးအတွက် နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများနှင့် ကြံခိုင်ရေးနည်းပြများလိုအပ်ပြီး အားကစားအမျိုးအစားအလိုက် လေ့ကျင့်မှုနည်းစနစ်များ မတူညီသည့်အတွက် ကျွမ်းကျင်သည့် နည်းပြများဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ အားကစားပြိုင်ပွဲများတွင် ပရိသတ်များ ပါဝင် အားပေးမှုသည်လည်း အားကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားအားထုတ်မှုကို အထောက်အကူဖြစ်စေသည့်အတွက် စည်းကမ်းတကျ လာရောက်အားပေးသည့် အားကစားပရိသတ်များ ပိုမိုများပြားလာစေရေး ဆောင်ရွက်ပေးသွားရန်လည်း လိုအပ်ကြောင်း။

အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ပြန်လည်ဖြွင့်တင်

အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်နှင့် မန္တလေးဖြို့များရှိ အနုပညာဆိုင်ရာအဆောက်အအုံများနှင့် ဓာတ်ရုံများကို ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ဖြေတင်ဆက်နိုင်မည့်နေရာများ လိုအပ်နေသည့်အတွက် ဓာတ်ရုံများနှင့်သင့်လျော်သည့် အဆောက်အအုံများ ပြည့်စုံစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်တော်ဆိုသည်မှာ ပြည်သူများ၏ကိုယ်စားလှယ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် သဘောထားအမြင်များကို တင်ပြဆွေးနွေးနိုင်သည့် တရားဝင်နိုင်ငံရေးစင်မြင့် တစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ပါတီဝင်များနှင့် တိုင်းရင်းသားပါတီများအနေဖြင့်လည်း လွတ်တော်အတွင်း ကိုယ်စားပြုပါဝင်ခွင့်ရရှိစေရန် PR စနစ်ကို မိမိတို့တာဝန်ယူသည့် ကာလအတွင်း ထည့်သွင်းကျင့်သုံးစေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လွတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသ၏အခြေအနေများကို မှန်မှန်ကန်ကန်သိရှိပြီး လိုအပ်သည်များကို တင်ပြတောင်းဆိုနိုင်ကြရန်လိုကြောင်း။

တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် သဘောထားအမြင်ကွဲပြားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း ယင်းတို့ကိုအပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူများစု၏ဆန္ဒကို လေးစားလိုက်နာသကဲ့သို့ လူနည်းစု၏ သဘောထားဆန္ဒကိုလည်း အလေးထားရန်လိုအပ်မည်ဖြစ်ကြောင်း။

ထာဝရငြိမ်းချမ်းရေးရရှိရေး ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်မည်

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ လာမည့်ကာလအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၈ ခုနှစ် ပြည်ထောင်စုနေ့ ဝန်းကျင်ကာလအတွင်း ငြိမ်းချမ်းရေးညီလာခံတစ်ရပ်ကိုကျင်းပနိုင်ရေး စီစဉ်ထားရှိပြီး ယင်းလုပ်ငန်းစဉ်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) ကို တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယင်းသဘောတူညီချက်များရရှိရေးအတွက် တွေ့ဆုံဆွေးနွေးမှုပေါင်းအကြိမ်ရေ ၅၀၀၀ ကျော်ခန့်ကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအကြိမ်ရေပေါင်း ၁၆၀ ကို ဆောင်ရွက်ခဲ့ပြီး အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်သည့် ပဏာမသဘောတူညီချက် ၄၃ ချက် ရရှိခဲ့ကာ ယင်းအချက်များကိုလည်း လွတ်တော်တွင် ဆွေးနွေးနိုင်ရေးတင်ပြထားကြောင်း။





ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပွားလာခဲ့သည့် ပြဿနာများဖြစ်ပြီး ယင်းပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးအရဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် သေဆုံးထိခိုက်မှုများနှင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံ၊ လမ်းတံတား၊ ဆက်သွယ်ရေးကွန်ရက်နှင့် ရထားလမ်းများအပါအဝင် အခြေခံအဆောက်အအုံများစွာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ စာရင်းပြုစုတင်ပြချက်အရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၃၉၈ ဒသမ ၂၅၁ ဘီလီယံရှိကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရန်အတွက် ဘဏ္ဍာငွေများစွာ လိုအပ်မည်ဖြစ်ပြီး အချို့ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲများရှိနေဆဲဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း။

လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများအတွင်း PDF အမည်ခံအကြမ်းဖက်သမားများနှင့် အချို့ EAO အဖွဲ့များ၏အကြမ်းဖက်မှုများကြောင့် ပြည်သူပိုင် အဆောက်အအုံများနှင့် ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် လက်ရှိပဋိပက္ခများနှင့် ပတ်သက်၍ အချို့လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို သေချာစွာ သုံးသပ်ရှုမြင်နိုင်ရန်လိုအပ်ကြောင်းနှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှုမရှိစေရေးကို အလေးထားရန်လိုအပ်ကြောင်း။

ဖက်ဒရယ်စနစ်တွင် ပေါင်းစည်းနေထိုင်ရေးနှင့် အာဏာခွဲဝေကျင့်သုံးရေး အရေးကြီးပြီး လူမျိုးအခြေခံထက် ဒေသအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးရန်လို

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ အခြေခံအားဖြင့် ပေါင်းစည်းနေထိုင်ခြင်းနှင့် အာဏာခွဲဝေသုံးစွဲခြင်း ဟူသည့် အချက်နှစ်ချက်ပါဝင်ကြောင်း၊ ပြည်ထောင်စုအတွင်း အတူတကွ ပေါင်းစည်းနေထိုင်ကြပြီး ဗဟိုအစိုးရမှ ဒေသအဆင့်အထိ အာဏာများကိုခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ မရှိမဖြစ်လိုအပ်သည့် အခြေခံသဘောတရားဖြစ်ကြောင်း၊ အိန္ဒိယ၊ မလေးရှား၊ အမေရိကန်၊ ဩစတေးလျ၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့အပါအဝင် ကမ္ဘာပေါ်၌ ဖက်ဒရယ်စနစ်ကျင့်သုံးသည့်နိုင်ငံများ အများအပြားရှိကြကြောင်း၊ ယင်းနိုင်ငံများတွင်လည်း ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိကြကြောင်း၊ ဖက်ဒရယ်စနစ်တွင် ဒေသကို အခြေခံသည့်ပုံစံနှင့် လူမျိုးကိုအခြေခံသည့်ပုံစံဟူ၍ ခွဲခြားစဉ်းစားနိုင်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖက်ဒရယ်ပြည်နယ်များကို ဖွဲ့စည်းရာ၌ ဒေသအခြေခံသည့်ပုံစံကို အများအားဖြင့် ကျင့်သုံးကြပြီး လူမျိုးတစ်မျိုးတည်းကိုအခြေခံ၍ ဖွဲ့စည်းထားခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားများ အတူတကွနေထိုင်ကြပြီး ရှမ်းနှင့် ဗမာလူဦးရေ ပေါင်းစပ်မှုမှာ ကချင်လူဦးရေထက် ပိုမိုများပြားကြောင်း၊ ရှမ်းပြည်နယ်တွင်လည်း ရှမ်း၊ ဝ၊ ပလောင်၊ ခမု၊ အင်းသားနှင့် ပအိုဝ်းအပါအဝင် တိုင်းရင်းသားလူမျိုးများစွာ အတူတကွနေထိုင်ကြကြောင်း၊ အလားတူ ကရင်ပြည်နယ်တွင် ကရင်၊ မွန်နှင့် ဗမာတိုင်းရင်းသားများ၊ မွန်ပြည်နယ်တွင် မွန်၊ ကရင်နှင့် ဗမာတိုင်းရင်းသားများ စသည်ဖြင့် အတူတကွနေထိုင်ကြသည့်အတွက် ပြည်နယ်တစ်ခုအတွင်း လူမျိုးပေါင်းစုံအတူတကွနေထိုင်လျက်ရှိသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခဲ့

သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ဖြစ်ပေါ်ခဲ့သည့် ကျေးရေလွှမ်းမှုများနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ အသုံးပြုခဲ့ရပြီး အာဆီယံအဖွဲ့ထံမှ အကူအညီရရှိမှုမှာ လိုအပ်ချက်နှင့် နှိုင်းယှဉ်ပါက နည်းပါးခဲ့ကြောင်း၊ ထို့ပြင်ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ထံမှလည်း စာမျက်နှာ ၈ သို့ ☆

❖ ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ အခြေခံအားဖြင့် ပေါင်းစည်းနေထိုင်ခြင်းနှင့် အာဏာခွဲဝေသုံးစွဲခြင်းဟူသည့် အချက်နှစ်ချက်ပါဝင်၊ ပြည်ထောင်စုအတွင်း အတူတကွပေါင်းစည်းနေထိုင်ကြပြီး ဗဟိုအစိုးရမှ ဒေသအဆင့်အထိ အာဏာများကိုခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ မရှိမဖြစ်လိုအပ်သည့် အခြေခံသဘောတရားဖြစ်

❖ ဖက်ဒရယ်စနစ်တွင် ဒေသကိုအခြေခံသည့်ပုံစံနှင့် လူမျိုးကိုအခြေခံသည့် ပုံစံဟူ၍ ခွဲခြားစဉ်းစားနိုင်၊ ကမ္ဘာ့နိုင်ငံများတွင် ဖက်ဒရယ်ပြည်နယ်များကို ဖွဲ့စည်းရာ၌ ဒေသအခြေခံသည့်ပုံစံကို အများအားဖြင့် ကျင့်သုံးကြပြီး လူမျိုးတစ်မျိုးတည်းကို အခြေခံ၍ ဖွဲ့စည်းထားခြင်းမဟုတ်၊ မိမိတို့နိုင်ငံတွင်လည်း လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးဖော်ဆောင်သွားမည်

☆ စာမျက်နှာ ၇ မှ

ချေးငွေ သို့မဟုတ် အကူအညီများရရှိခဲ့ခြင်းမရှိကြောင်း။

အာဆီယံနှင့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ဆောင်ရွက်

အာဆီယံနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မကြာသေးမီက ပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ထုတ်ပြန်ချက်များအပေါ် မိမိတို့အနေဖြင့် သဘောထားကွဲလွဲမှုများရှိကြောင်း၊ အချို့သောဆုံးဖြတ်ချက်များနှင့် ထုတ်ပြန်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ ဆန္ဒသဘောထားကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ အချို့သောနိုင်ငံများ၏ သဘောထားများအပေါ် မူတည်ဆောင်ရွက်ခဲ့သည့် အခြေအနေဖြစ်သည်ဟု သုံးသပ်ရကြောင်း။ ထို့ကြောင့် အာဆီယံနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဆက်ဆံရေးလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်သွားရန် အစိုးရအနေဖြင့် ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရေးအတွက် မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ အချုပ်အခြာအာဏာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားများကို ထည့်သွင်းစဉ်းစားကာ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်ခဲ့စဉ် ယင်းနိုင်ငံများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရန် လိုလားသည်ကို သိရှိခဲ့ရကြောင်း၊ အာဆီယံအဖွဲ့အတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှု(Consensus)ကို အခြေခံဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ကန့်ကွက်ပါက သဘောတူညီမှုမရရှိသေးဟု သတ်မှတ်ပြီး မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများ ဆောင်ရွက်လာသည့် အခြေအနေများရှိကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် အာဆီယံဘုံသဘောတူညီချက်(၅) ရပ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ အစည်းအဝေးအတွင်း တိုက်ရိုက်ဖြေရှင်းဆွေးနွေးခြင်းမရှိဘဲ နောက်ပိုင်းတွင် ဥက္ကဋ္ဌ၏ ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည့်အပေါ် မိမိတို့အနေဖြင့် လက်ခံမှုမရှိသည်ကို ပြောကြားခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် လာအိုနိုင်ငံကလည်း အာဆီယံအဖွဲ့ စတင်တည်ထောင်ချိန်မှစ၍ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ကိုယ်စားပြုပါဝင်မှုကို ကန့်သတ်ခဲ့သည့် အစဉ်အလာမရှိခဲ့သည်ကို ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာအခြေအနေနှင့် အာဆီယံအဖွဲ့၏ လုပ်ငန်းစဉ်များကို သေချာစွာသိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များတွင် အခြေအနေအလိုက် သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတကာနိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးတိုးမြှင့်မည်

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ လွှတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အခြေခံကာ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံသွားရန် အစိုးရအနေဖြင့် ဆုံးဖြတ်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အပြန်အလှန်ဆက်စပ်လျက်ရှိ

အချုပ်အားဖြင့်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း ဒေသအသီးသီးတွင် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး ကဏ္ဍတစ်ခုဖွံ့ဖြိုးတိုးတက်လာခြင်းသည် အခြားကဏ္ဍများ၏ တိုးတက်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များရရှိမှသာ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားနှင့် လုပ်သားစွမ်းရည်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအနေဖြင့် နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲပေးရွေးချယ်မှုကြောင့် အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပြီး အစိုးရအနေဖြင့်လည်း နိုင်ငံတော်ကောင်းကျိုးအတွက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ဖြတ်သန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဘဝအတွေ့အကြုံများ၊ ဘဝတစ်လျှောက်ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအပေါ်အခြေခံ၍ နိုင်ငံတော်အကျိုးအတွက် လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အာဏာတည်တံ့ရေးအတွက်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို လွှတ်တော်က မှတ်တမ်းတင်ပြီး နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာသည်။

အစည်းအဝေးအပြီးတွင် တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲကို လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက်ကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ရှမ်းပြည်နယ်မှ

တောင်ကြီးမြို့ရှိ စူဌာမုနိစေတီတော်၊ ရွှေဘုန်းပွင့်ဘုရား၊ မွေတော်ကက္ကူဘုရား၊ နောင်ဘိုကြာကန်၊ အေးသာယာဂေါက်ကွင်း၊ အေးသာယာပိုင်ခြံနှင့် ဟိုပုံးထမ်းဆန်းဂူတို့ကို လည်းကောင်း၊ ညောင်ရွှေမြို့ရှိ အင်းလေးကန်၊ ညောင်ရွှေယဉ်ကျေးမှုပြတိုက်၊ Red Mountain ပိုင်ခြံနှင့် ရွှေရန်ပြေအတုမရှိရွှေကျောင်းတို့ကိုလည်းကောင်း၊ အင်းလေးကန် ဒေသရှိ ဖောင်တော်ဦးဘုရား၊ ရွှေအင်းတိန်၊ အလိုတော်ပြည့်ဘုရား၊ ငါးဖယ်ချောင်းဘုန်းကြီးကျောင်း၊ မိုင်းသောက်တံတား၊ အင်းလယ်ဘိုတဲနှင့် ရွာမရေပေါ်ဈေးတို့ကိုလည်းကောင်း၊ ပင်းတယမြို့ရှိ ရွှေဥမင်ဘုရား၊ ပုန်းတလုတ်ကန်နှင့် ကုံလုံသာသနာ့နယ်မြေတို့ကိုလည်းကောင်း၊ ကလောမြို့ရှိ မြို့မဈေး၊ နာရီစင်၊ မောမြေဦးပန်းခြံ၊ ကလောဘူတာ၊ နှီးဘုရား၊ City Point၊ ဗျိုက်တောင်နှင့် ဘဝသံသရာတံတားတို့ကိုလည်းကောင်း၊ ရွာငံမြို့ရှိ မြသပိတ်ရေပြာအိုင်၊ မိန်းမရဲသခင်မတောင်နှင့် ဂဏန်းကျရေတံခွန်တို့ကိုလည်းကောင်း ခရီးစဉ်ဒေသများအဖြစ် ဖွင့်လှစ်ထားသည်။

"ရှမ်းပြည်နယ် ကလောနဲ့ အင်းလေးဒေသကို နိုင်ငံခြားသားတွေ အဓိကလည်ပတ်လေ့လာကြတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ လက်မှုပစ္စည်းထုတ်လုပ်တဲ့ကြာရက်ကန်း၊ ပန်းထိမ်လုပ်ငန်း၊ ရှမ်းစက္ကူထုတ်လုပ်တဲ့လုပ်ငန်း၊ ရိုးရာအဝတ်အထည်ထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ ဒေသအစားအစာလုပ်ငန်းတွေကို အထူးစိတ်ဝင်စားကြပါတယ်။ ရှမ်းပြည်နယ်ဟာ အေးချမ်းသာယာပြီး ကောင်းမွန်တဲ့ ရာသီဥတုရှိတဲ့အပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နဲ့ ဒေသထွက်ကုန်မျိုးစုံ ထွက်ရှိတာကြောင့် ပြည်တွင်း/ပြည်ပခရီးသွားတွေ စိတ်အေးချမ်းစွာ အပန်းဖြေ လာရောက်လည်ပတ်ဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်"ဟု ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွား ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒေါက်တာသန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းခရီးသွား ၈၈၈၆၆၂ ဦး၊ ပြည်ပခရီးသွား ၄၈၄၈၂ ဦးဖြင့် စုစုပေါင်း ၉၃၇၁၄၄ ဦး ဝင်ရောက်မှုရှိကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းခရီးသွား ၁၀၁၀၄၉၆ ဦး၊ ပြည်ပခရီးသွား ၄၆၉၂၁ ဦးဖြင့် စုစုပေါင်း ၁၀၅၇၄၁၇ ဦး ဝင်ရောက်မှုရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်နိုင်ရန် ခရီးစဉ်ခြောက်ခုအပြင် Community Based Tourism – CBT လုပ်ငန်းများဖြစ်သည့် လူထုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း ဖော်ဆောင်ထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ ကျောက်တလုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ထီနဲ(ပအိုဝ်း) ကျေးရွာ၊ အင်းနီ(ပအိုဝ်း) ကျေးရွာ၊ လွယ်ခေါ်(ပအိုဝ်း)ကျေးရွာ၊ ဆီးကျအင်း(ဓနု)ကျေးရွာ၊ ပင်စိမ်းပင်(ဓနု)ကျေးရွာ၊ လွယ်ပန်းစုံကျေးရွာ၊ လွယ်နွဲ့ကျေးရွာ၊ စံကား(အင်း၊ရှမ်း) ကျေးရွာ၊ ကျောက်တော(ဓနု)ကျေးရွာ၊ ဟိုကျင်း(အာခါ)ကျေးရွာ၊ ဟွေယုန်း(အာခါ)ကျေးရွာ၊ ထီဝါးမူး (လီဆူ) ကျေးရွာ၊ ရေယောင်းမ(ဓနု)ကျေးရွာ၊ ကျောက်တလုံး(ပလောင်) ကျေးရွာ၊ ပင်းဆိုင်း(ဝ) ကျေးရွာ၊ ပန်ကူ(လားဟူ) ကျေးရွာ၊ ဟိုယန်း(လွယ်)ကျေးရွာ၊ ကျောက္ကချား(ပအိုဝ်း) ကျေးရွာတို့တွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကျိုင်းတုံမြို့နယ်ရှိ ဝမ်ဆာကျေးရွာတွင်လည်း လူထုအခြေပြုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

❍ အားကောင်းသောမှ



အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"အက်ဗန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

နောက် ၆၀ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို နယ်လိုရီမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနသံာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၈

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် က ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်၍ နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယ ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်းနှင့် နှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။(ယာပုံ)



ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးဉီးစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲတင်းဦး၊ နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဧည့်သည်တော် ၃၀၀ က လေ့လာ သူအဖြစ် တက်ရောက်ကြကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဥက္ကဋ္ဌတို့က Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၀ တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်း အဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ် တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင် ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို နိုင်ငံတော် သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ဆက်လက် ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၂ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သုဖြိုင်က ကော်မရှင်ဝန်ထမ်းများအပေါ် အကြံပြုဆွေးနွေးချက် နှင့်စပ်လျဉ်း၍ ကော်မရှင်ဝန်ထမ်းများအား နိုင်ငံ ဝန်ထမ်းများနည်းတူ အခွင့်အရေးများ ရရှိခံစားနိုင် ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရုံးခွဲများ ဖွင့်လှစ်မှုအပေါ် အကြံပြုဆွေးနွေးချက် နှင့်စပ်လျဉ်း၍ လက်ရှိတွင် ရုံးချုပ်နှင့် ရုံးခွဲ(၅)ခု ဖွင့်လှစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး က မူလဖွဲ့စည်းပုံအရ ခွင့်ပြုထားရှိပါကြောင်း၊ ယခု အခါ ရုံးချုပ်နှင့် ရုံးခွဲ (၄)ခုရှိပြီး နောက်ရုံးခွဲတစ်ခုကို ရှမ်းပြည်နယ်တွင် ဖြေနေရာရရှိနိုင်ရေး ညှိနှိုင်းဆောင် ရွက်လျက်ရှိပြီး ရုံးခွဲများတိုးချဲ့နိုင်ရန် ဖွဲ့စည်းပုံ ပြင်ဆင်ချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်း တွင် အနည်းဆုံးကော်မရှင်ရုံးခွဲတစ်ခုစီ ဖွင့်လှစ်နိုင် ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး အသိပညာပေးရှင်းလင်း ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များသို့ သွားရောက်ဟောပြောခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများနှင့် ကျေးလက်နေ ပြည်သူများထံ လူ့အခွင့်အရေး အသိ ပညာပေးမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နေရပ်စွန့်ခွာ ပြည်သူများအပေါ် အကြံပြုချက် နှင့်စပ်လျဉ်း၍ ပြည်သူများအနေဖြင့် အချိန်အတိုင်း အတာတစ်ခု ကြာမြင့်လာသည်နှင့်အမျှ အခြေခံ လူ့အခွင့်အရေးများ အပြည့်အဝ ပြန်လည်ရရှိနိုင်စေ ရေး ဆက်လက်လေ့လာဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း။

လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချမှုနှင့် စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် အကျဉ်းဦးစီးဌာနတွင် သင်ခန်းစာပို့ချမှု (၁)ကြိမ်သာ ဆောင်ရွက်နိုင်ခဲ့သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အကျဉ်း ဦးစီးဌာနမှ ဝန်ထမ်းများအား သင်ခန်းစာများ ပိုမို ပို့ချနိုင်ရေးကော်မရှင်မှ အဆိုပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ် အစီရင်ခံစာအရ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ တိုင်ကြားချက် လက်ခံရရှိမှုကို ဖော်ပြထားခြင်းမရှိခြင်းနှင့် စပ်လျဉ်း၍ နယ်မြေအခြေအနေအရ တိုင်တန်းချက်များ ပေးပို့ နိုင်ခြင်းမရှိဟု ယူဆရပါကြောင်း။ "တိုင်ကြားနိုင်ပါ ကြောင်း ပြည်သူသို့အသိပေးခြင်း" ကြော်ငြာချက်ကို နိုင်ငံပိုင်သတင်းစာတွင် တစ်လလျှင် (၂)ကြိမ်နှင့် FM အသံလွှင့်ဌာနများတွင် အခါအားလျော်စွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း၊ ကော်မရှင် website တွင်လည်း ကြည့်ရှု၍ တိုင်ကြားနိုင်ပါ ကြောင်း။

ကော်မရှင်ထံ အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများက ပြန်ကြားမှုရာခိုင်နှုန်းနည်းပါးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပတ်လည်အစီရင်ခံစာပါ ပြန်ကြားရန် ကျန်ရှိသော တိုင်တန်းစာ (၂၅)စောင်အနက် တိုင်တန်းစာ(၂၂)စောင်ကို ၂၀၂၆ ခုနှစ်အတွင်း၌ အကြောင်း ပြန်ကြားလာခဲ့ပြီးဖြစ်ပါ၍ ပြန်ကြားလာ ရန် (၃)စောင်သာ ကျန်ရှိနေပါကြောင်း။

ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများကို လိုအပ် ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်များ ပါဝင်သည့် ကော်မရှင်ဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်း ပြီး ပြန်လည်လေ့လာသုံးသပ်လျက်ရှိပါကြောင်း။

Online မှတစ်ဆင့် တိုင်ကြား/ဖြေရှင်းပေးနိုင် အောင်လည်း Application စီစဉ် ဆောင်ရွက်သင့် ကြောင်းနှင့်စပ်လျဉ်း၍ "တိုင်ကြားနိုင်ပါကြောင်း" ပြည်သူသို့ အသိပေးခြင်း သတင်းစာသားတွင် ပါဝင် သည့် QR Code စနစ်ဖြင့် ကော်မရှင် Website တွင် လွယ်ကူစွာ ဝင်ရောက်လေ့လာပြီး တိုင်ကြားစာဌာန များသို့ တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားရှိပါကြောင်း။

ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် အလေးထား၍ မှတ်တမ်းများ ပြုစုဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း။

ကော်မရှင်သို့ တိုင်တန်းသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တိုင်တန်းသူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံရေးနှင့်စပ်လျဉ်း ၍ အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့အား အကြံပြုချက်နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးရှုထောင့် မှ ကြည့်ရှုစစ်ဆေးခြင်းများကို နယ်လ်ဆင်မန်ဒဲလား စည်းမျဉ်းများ (Nelson Mandela Rules)၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှုသတင်းအချက်အလက်များ ပေးပို့ရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်း ဆိုင်ရာ သတင်းထုတ်ပြန်ချက်ကို နိုင်ငံပိုင်သတင်းစာ များတွင် ကော်မရှင်မှ (၆)လတစ်ကြိမ် ထုတ်ပြန် လျက်ရှိပြီး တိုင်တန်းနိုင်သည့် နေရာများလည်း ထည့်သွင်းဖော်ပြထားပါကြောင်း။

ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့်စပ်လျဉ်းသော အကြံပြုချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရေးယူဆောင် ရွက်ရသည့် အဖွဲ့အစည်းမဟုတ်ဘဲ ကော်မရှင်ဥပဒေ နှင့်အညီ လူ့အခွင့်အရေး ချိုးဖောက်ခံရသော ဖြစ်စဉ် များကို စုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့ခြင်း ကိုသာ ဆောင်ရွက်ရသော လွှတ်လပ်သည့် အဖွဲ့ အစည်းဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ လူထု၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မိမိတို့၏ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံချင်း ဖြစ်စေ၊ အဖွဲ့အစည်းနှစ်ရပ်အကြား ဖြစ်စေ ထိတွေ့ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက် လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်၏ ဆွေးနွေး အကြံပြုချက်အတိုင်း နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ဆက်ဆံမှုနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေး ကော်မရှင်အပေါ်ထားရှိသော သဘောထား များကို လာမည့်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြ သွားမည်ဖြစ်ပါကြောင်း။

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးဥပဒေ"ကို မူကြမ်းအဆင့်မှ ဥပဒေ ပြဋ္ဌာန်းနိုင်သည်အထိ ပိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးရန် အကြံပြုဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ထို့ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံ ပြုချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသမီး ရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အသိပညာပေးစာအုပ်စာတမ်းများ ကို ဖြန့်ဝေမှုဆိုင်ရာ အကြံပြုချက်နှင့်စပ်လျဉ်း၍ နှစ်စဉ် စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိပါ ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို ကိုယ်စား လှယ်များ၏ အပြုသဘောဆောင်သော ဆွေးနွေး အကြံပြုချက်များအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် အလေးထား ဂရုပြု ဆောင်ရွက်ရန် လိုအပ်သော အချက်အလက် များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထား သော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပေါ် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့သည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကယားပြည်နယ်အစိုးရအဖွဲ့မှ ဒီးမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် ဘော်လခဲမြို့နယ် တို့တွင် ပြန်လည်ထူထောင်ရေးနှင့် နေရာချထား ရေးလုပ်ငန်းများ၌ တန်ဖိုးနည်းအိမ်ရာ အလုံး(၆၀၀) တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေနှင့် အမိုးသွပ်များ ဝယ်ယူရန်အတွက် ကုန်ကျစရိတ် ငွေကျပ် ၁၈၂၇ သန်းကိုလည်းကောင်း၊ ကရင်ပြည် နယ်အစိုးရအဖွဲ့မှ မြဝတီမြို့နယ်အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများအား ပြည်နှင်ရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်း ၎င်းတို့ အား ကျွေးမွေးစရိတ်အဖြစ် ငွေကျပ် ၁၃၀၃ ဒသမ ၃၈၀ သန်းကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံ သုံးစွဲနိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တင်ပြခဲ့မှုအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၆)နှင့် (၉/၂၀၂၆)တို့မှ ခွင့်ပြုခဲ့ပါကြောင်း။

သို့ပါ၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေ ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့မှ သီးခြားစီ ဆောင်ရွက် ရသည့် သဘောရှိသည့်အတွက် ဝန်ကြီးဌာနက ကြီးကြပ်သော ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ရယူပြီး ကယားပြည်နယ် အစိုးရအဖွဲ့နှင့် ကရင်ပြည် နယ် အစိုးရအဖွဲ့တို့သို့ လွှဲပြောင်းပေးခဲ့ရပါကြောင်း၊ အဆိုပါ ပြည်နယ်နှစ်ခုသို့ ပြည်ထောင်စုအစိုးရအဖွဲ့ က ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုခဲ့မှု သည် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်အဖြစ် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာ ငွေအရအသုံးဆိုင်ရာ ဥပဒေအပိုင်း ၄၊ အရေးပေါ် ရန်ပုံငွေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)နှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်း အနားအတွက် ကျခံသုံးစွဲခဲ့သည့် သာမန်အသုံးစရိတ် ထပ်မံလိုအပ်ငွေ ၈၀၃ ဒသမ ၈၉၁ သန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

သို့ပါ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအတွက် ကျခံသုံးစွဲခဲ့သည့် ထပ်မံလိုအပ်ငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲမှုကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ နိုင်ငံတော်ရုံးများ နိုင်ငံတော် ဧည့်ဂေဟာများကို ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရဧည့်ဂေဟာ ၃ လုံးအကြီးစားပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်ငွေ ငွေကျပ် ၁၄၉၃ ဒသမ ၆၄၄ သန်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းတစ်လျှောက်တွင်ရှိသည့် ရထားလမ်းနှင့် ကားလမ်းကူး (Level Crossing) များနှင့် ရထားလမ်းခုံးကျော်တံတားများကို စီမံကိန်းအဖြစ် စီမံချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြမည့်နေရာသည် နေပြည်တော် ပုဗ္ဗသီရီမြို့နယ်အတွင်းရှိသည့် ရန်ကုန်-မန္တလေး မီးရထားလမ်းခုံးကျော်တံတား ၁ စင်း ပေ ၁၄၀၀ တည်ဆောက်ခြင်းအတွက် ငွေကျပ် ၃၃၇၁၈ သန်းကို တင်ပြခြင်းဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်း ၂ ခုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ မူလရသုံးခန့်မှန်း ခြေငွေစာရင်းတွင် အသုံးပြုခွင့်လျာထားခြင်းမရှိပါသောကြောင့် နိုင်ငံတော်၏ လိုအပ်ချက်အရ အဆိုပါလုပ်ငန်း ၂ ရပ်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စိစစ်ဖော်ပြပါအတိုင်း အရေးပေါ်ရန်ပုံငွေမှ လျာထား၍ ကျခံသုံးစွဲရခြင်းဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ သာသနာရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း ၁ ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း ၂ ခု၊ ကယားပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းဆိုင်ရာ ၁ ခုနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း ၂ ခု စုစုပေါင်းလုပ်ငန်း ၆ ခုအတွက် ငွေကျပ် ၃၉၁၄၅ ဒသမ ၉၁၅ သန်း ကျခံသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး မကြာခင် အချိန်ပိုင်းတွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလတွင် ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို အတူတကွပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၁ ရက် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ မိမိတို့လွှတ်တော်၏ ဥပဒေပြုရေးအပိုင်းတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လွှတ်တော်နှစ်ရပ် သဘောတူပေးပို့လာသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်တွင် ယနေ့မှတ်တမ်းတင်ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရေး ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပေးနိုင်ခဲ့ကြောင်း။

အုပ်ချုပ်ရေးအပိုင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခုအမည်ပြောင်းလဲခြင်း၊ ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ၂ ဦး ခန့်အပ်တာဝန်ပေးခြင်း၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ဆက်လက်အတည်ဖြစ်စေရေး ကိစ္စတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခုမှ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကိုလည်း လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများ၊ အမျိုးသားလူ့အခွင့် အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးခြင်း၊ အတည်ပြု မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၂၆ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွက် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကိစ္စ၊ အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကာကွယ်ရေး သဘောတူစာချုပ်ကိစ္စ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ DBRB နှင့် Belinvestbank (ဘယ်လင်ဗက်စ် ဘန့်) JSC တို့ထံမှ ပို့ကုန်ချေးငွေ ရယူနိုင်ရေးကိစ္စ၊ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချေးငွေထုတ်ချေးခွင့်ပြုနိုင်ရေး ကိစ္စများ၊ ပလက်ဝ-ဇိုရမ်ပူရ်(၂)လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူ စာချုပ်(Union Accord) အစိတ်အပိုင်း (၁)(၂)(၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်ကျင်းပသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ကာလအတွင်း ဆွေးနွေး၊ စိစစ်၊ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက စိစစ်နိုင်ရန် ကြိုတင်ပေးပို့ထားပြီးဖြစ်၍ လာမည့် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာများ တင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုဂုံးချုပ်အနေဖြင့် တတိယအကြိမ်လွှတ်တော် အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများ ကျင်းပပြီးစီး၍ မိမိတို့နေထိုင်ရာ နယ်မြေဒေသအသီးသီးကို ပြန်ကြမည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံးလိုရာဆန္ဒပြီးမြောက်ပြီးဘေးမသီရန်မခဘဲ လိုရာခရီးအား အဆင်ပြေချောမွေ့စွာ ရောက်ရှိကြပါစေ၊ နောင်ပြန်လည်ကျင်းပပြုလုပ်မည့် စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် ကျန်းမာချမ်းသာစွာနှင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ပြီးဆုံးကြောင်းနှင့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

သတင်းအဖွဲ့

ကွင်းဆင်းဆေးကုသခြင်းနှင့် ဟောပြောပွဲကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းဆေးကုသခြင်းနှင့် ဟောပြောပွဲ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အ.လ.က (မြို့မ)ကျောင်းတွင် ကျင်းပခဲ့သည်။

မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဦးက အယ်လ်နီညိုကာလတွင်ဖြစ်တတ်သော ကျန်းမာရေးပြဿနာများနှင့် ကြိုတင်ကာကွယ်ရန်အချက်များကို အကျယ်တဝင့်ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ရာသီတုပ်ကွေးကြောင့် ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရင်ကြပ်ခြင်းများအတွက် မက်လင်ချဉ်၊ နွယ်ချိုကဲ၊ သွေးဆေးနီ၊ ရင်အုပ်ဆေး၊ ဆေးနံ့သာများအား ကျောင်းသား၊ ကျောင်းသူ များထံ အခမဲ့ဖြန့်ဝေကုသပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)



လူငယ်စာဖတ်ဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

သာစည် နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် လူငယ်စာဖတ်ဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာအောင်ပိုင်က စာဖတ်ခြင်း အကျိုးကျေးဇူးများနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်အားကောင်းလာမည်ဖြစ်ကြောင်းနှင့် မိမိတို့ဖတ်ထားသည်များကို ရဲဝံ့စွာပြောဆိုကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စာဖတ်ဝိုင်းမှ ရရှိသည့် အကျိုးကျေးဇူးများကို ပြန်လည်ဆွေးနွေးခဲ့သည်။

(၄၈၇)



အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့ ညနေ ၆ နာရီ ၅၆ မိနစ် ၀၆ စက္ကန့်တွင် ဟားခါး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့မြောက်ဘက် ၁၁ မိုင် ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂.၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၂၁ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄.၂(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM) ပိတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Terendak (တီရန်ဒတ်) လေ့ကျင့်ရေးစခန်း၌ ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့သည် အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ပစ်ခတ်သည့် Novelty Shoot ပစ်ခတ်စဉ်တွင် ပါဝင်ပစ်ခတ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ပြုလုပ်ရာ သေနတ်ပစ်ပြိုင်ပွဲဝင်အသင်းများက ကွင်း အတွင်းရောက်ရှိနေရာယူကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များက နိုင်ငံအလိုက်ဆုရရှိသည့် အသင်းများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသည့် အသင်းများအား ဆုတံဆိပ်များ အသီးသီး ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မလေးရှားတပ်မတော် ကြည်းတပ် ဦးစီးချုပ်က မိန့်ခွန်းပြောကြားပြီး AARM အထိမ်း အမှတ်အလံကို အလံတိုင်မှ ပြန်လည်ရုပ်သိမ်းသည်။ ၎င်းနောက် (၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၏ မှတ်တမ်းဗီဒီယိုပြသပြီး ယဉ်ကျေးမှုအဖွဲ့များက မလေးရိုးရာအကအလှများဖြင့် လည်းကောင်း၊ မလေးရှားတပ်မတော် စစ်တီးဝိုင်းမှ တီးမှုတ်ဖျော်ဖြေမှုအား လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် မလေးရှားကြည်းတပ်ဦးစီးချုပ်က AARM အထိမ်းအမှတ်အလံကို (၃၅) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ် ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီး ရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ထံသို့ လွှဲပြောင်း ပေးအပ်ပြီး အင်ဒိုနီးရှားတပ်မတော် ကြည်းတပ်ဦးစီး ချုပ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ ဝင်များသည် 34th AARM သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် ကိုယ်စားပြု သေနတ်ပစ်အသင်းအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဂုဏ်ပြု ချီးမြှင့်ငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့ တပ်မတော် ကိုယ်စားပြု သေနတ်ပစ်အသင်းအနေ ဖြင့် အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု၊ တစ်ဦးချင်း ပစ်ခတ် စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု စုစုပေါင်း ရွှေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄) နေရာရရှိခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကွာလာလမ်ပူမြို့ရှိ မြန်မာစစ်သံ (ကြည်းရေ၊ လေ)ရုံး၌ စစ်သံရုံးမိသားစုများနှင့်တွေ့ ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယတပ်မတော် ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် စစ်သံရုံးဝန်ထမ်းများ နှင့် မိသားစုဝင်များအနေဖြင့် တာဝန်ထမ်းဆောင် နေထိုင်စဉ် ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူ သွားရန်၊ သက်ဆိုင်ရာနိုင်ငံ၏ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ဥပမောများကို သိရှိအောင်လေ့လာ၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန် နှင့် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာ များကို စနစ်တကျ ကြိုးစားလေ့လာကာ တာဝန် ထမ်းဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စစ်သံရုံး ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိ သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြစ်ကြီးနားမြို့၌ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များနှင့်တွေ့ဆုံ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် များ၊ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များ၊ စာပေ ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး သည်။

ပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်က ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရအဆက်ဆက် မြန်မာ့ငြိမ်းချမ်းရေး ဖော်ဆောင်ခဲ့မှုများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ငြိမ်းချမ်းရေး ဆိုင်ရာဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရ လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီပေးအပ်နိုင်မှုများနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မဟာဗျူဟာနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကချင်ပြည်နယ်သည် သဘာဝ တောတောင်ရေမြေနှင့် မြေပေါ်မြေအောက်သယံ ဇာတ ပေါကြွယ်ဝမှုရှိပြီးဖြစ်သည့်အတွက် ငြိမ်းချမ်း ရေးရရှိပါက လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ဒေသ တစ်ခု၊ နိုင်ငံတစ်ခု၏အနာဂတ် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် အားလုံး က ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြား သည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် က နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ကချင်ပြည်နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည့် ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တိုင်းရင်းသား များအခွင့်အရေးဆိုင်ရာများ၊ စာပေနှင့်ယဉ်ကျေးမှု ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု အခြေ အနေကိုလည်းကောင်း၊ ပြည်ထောင်စုအတိုင်ပင်ခံ အဖွဲ့ဝင် ဒေါ်ခွဲဘူက ငြိမ်းချမ်းရေးအတွက် ကချင် လူထုအားလုံး ပူးပေါင်းပါဝင်လာစေရေး တက်ရောက် လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင် များက စည်းရုံးလှုံ့ဆော် တိုက်တွန်းနိုင်ရေး အတွက်လည်းကောင်း ရှင်းလင်းပြောကြားကြ သည်။

ဆက်လက်၍ တက်ရောက်လာသည့် ငြိမ်းချမ်း ရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီး မှ ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး သိလိုသည်များနှင့် အကြံပြုတင်ပြချက်များ၊ ယာယီ နေရပ်ဒုက္ခသည်စခန်းများ နေရပ်ပြန်လည် နေထိုင်နိုင်ရေးနှင့် ၎င်းတို့၏ လိုလားချက်များကို ရင်းနှီးမှုပ်လှံးစွာ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်လှစ်

လားရှိး နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိးမြို့တွင် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ကျေးရွာနေ ပြည်သူများ ကျန်းမာရေးဗဟုသုတ ရရှိစေရေးနှင့် အရေးပေါ်အခြေအနေ တွင် စိုးရိမ်မှုမရှိဘဲ ချက်ချင်းတုံ့ပြန် နိုင်စေရေးအတွက် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို နိုဝင်ဘာ ၁၆ ရက်က လားရှိးခရိုင် လူထု အခြေပြုဗဟိုဌာနရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက ကြက်ခြေနီ အကြောင်းသိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအတွေးအခေါ်များ၊ လူနာ ဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်းနှင့် ကြွက်သား များ ထိခိုက်ဒဏ်ရာရခြင်း စသည် တို့ကို ရှေးဦးပြုစုနည်း၊ လူနာကိုင် တွယ်ခြင်း၊ သယ်ဆောင်ခြင်းနှင့် အခြေခံအသက်ကယ်အထောက် အကူပြုနည်း စသည့် အကြောင်း အရာများကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ရာ ကျေးရွာများမှ သင်တန်းသူ စုစုပေါင်း ၁၄ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဆရာအတတ်ပညာဦးစီးဌာန မန္တလေးဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်



မန္တလေး နိဝင်ဘာ ၁၈

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ မန္တလေးဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်လုပွဲတွင် မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မကွေးပညာရေးဒီဂရီကောလိပ်အသင်းက မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းအား တံခွန်စိုက်ဆုဖလား၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းအား ငွေသားဆုနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ကစားသမားတစ်ဦးချင်းစီ ဆုတံဆိပ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများက ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် တတိယဆုရရှိသည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းတို့အား ငွေသားဆုများ၊ ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန် အားကစားပြိုင်ပွဲတွင် မကွေး၊ မန္တလေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ တောင်ကြီး၊ လားရှိုး၊ လွိုင်ကော်၊ စစ်ကိုင်း၊ မုံရွာပညာရေးဒီဂရီကောလိပ် အသင်းကိုးသင်း ပါဝင် ပြိုး (အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် မကွေး၊ မန္တလေး၊ ပခုက္ကူ၊ လားရှိုး၊ မိတ္ထီလာ၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ်အသင်းခြောက်သင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ကောက်ကွက်ပြည့်မီစေရေးနှင့် ကြွပက်စိုက်ပျိုးခြင်းများ ပပျောက်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများသုံးစွဲရေး တောင်သူများနှင့် တွေ့ဆုံ



မန္တလေး နိဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် စပါးသီးနှံ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ကောက်ကွက်ပြည့်မီစေရေးနှင့် ကြွပက်စိုက်ပျိုးခြင်း ပပျောက်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာသုံးစွဲရေး တောင်သူများနှင့် တွေ့ဆုံပွဲကို မတ္တရာမြို့နယ်ရှိ လင်းမြွေချောင်းကျေးရွာရှိ အောင်မင်္ဂလာရွာဦးကျောင်းတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးလှထွန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူတို့က ဒေသခံတောင်သူများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုခြင်းဖြင့် လုပ်သားရှားပါးမှု အခက်အခဲအား ဖြေရှင်းနိုင်ခြင်း၊ အချိန်တိုအတွင်း စိုက်ပျိုးနိုင်ပြီး ပင်ကြား၊ တန်းကြား အကွာအဝေးများ ညီညာကာ ကောက်ကွက်ပြည့်မီခြင်းနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေး တွင် များစွာအထောက်အကူပြုခြင်း စသည်ဖြင့်ရရှိမည့် အကျိုးကျေးဇူးများ၊ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး အရစ်ကျ ငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် ပုံပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း၊ တောင်သူများက ပြသထားသည့် (၆)တန်းသွား ကောက်စိုက်စက်၊ အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်တို့အား စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည့်မှုမြှင့်တင်ရေး အသိပညာများကို ဟောပြော



မန္တလေး နိဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည့်မှုမြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်(မန္တလေးရုံးခွဲ)မှ စုံစမ်းရေးမှူး ဦးအောင်မျိုးထိုက်က မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည့်မှုမြှင့်တင်ရေး အသိပညာများကို ဟောပြောခဲ့ပြီး ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့မူက အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူများ ငယ်စဉ်ကတည်းက ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းများ မွေးမြူနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးယုဝင်း၊ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၁၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမ ၁၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

မြေပဲ ၁၅၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၅၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၀၈၆ ဧကာ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၅၅ ဧကာအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ မြေပဲသီးနှံ စိုက်ဧကာ တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(၄၄၅)**

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

လယ်ဝေး နိဝင်ဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လယ်ဝေးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် လမင်းစိမ်ချက်ဖြင့် အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ်၊ (အ.လ.က) ပြောင်ခေါင်းကြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လယ်ဝေးမြို့နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် ဝန်ထမ်းများက လမင်းစိမ်ချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သက်တမ်းတိုးယာဉ်များ စစ်ဆေးရာတွင် အပိုပစ္စည်းတပ်ဆင်မှု ၁၂ ချက်ကို (က-ည-န) ဖြေလျှော့ပေး

မန္တလေး နိုဝင်ဘာ ၁၈

သက်တမ်းတိုးယာဉ်များ စစ်ဆေးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး (Road Safety) ကို မထိခိုက်စေသည့် အပိုပစ္စည်း တပ်ဆင်မှုဆိုင်ရာ အချက် ၁၂ ချက်ကို ဖြေလျှော့ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)က ထုတ်ပြန်သည်။

ယာဉ်ပိုင်ရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် အခက်အခဲများ လျော့ပါးစေရေးအတွက် ယာဉ်အမျိုးအစားနှင့် ထုတ်လုပ်သည့်ခုနှစ် ပုံစံအလိုက် ယခုကဲ့သို့ ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

ဖြေလျှော့ပေးလိုက်သည့် အချက်များတွင် နံပါတ်ပြားမဲ့ယာဉ်သည့် ရှေ့နောက်ဘန်ဘာအပို များ၊ ဘေးနှင့် နောက်ခြေ ညှပ်ကြားမှုဦးစီးဌာန(က.ည.န)က ထုတ်ပြန်သည်။

ယာဉ်ပိုင်ရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် အခက်အခဲများ၊ ပစ္စည်းတင်စင် Carrier နှင့် Pick Up ယာဉ်များ၏ Hard Top/ Soft Top အမိုးများ တပ်ဆင်ခြင်းတို့ပါဝင်သည်။

ထို့အပြင် နှင်းခွဲမီးအပို နှစ်လုံးအထိ တပ်ဆင်ခြင်း၊ ရှေ့လေကာမှန်တွင် အပူကာစတစ်ကာ အကြည်ကပ်ခြင်း၊ မူလပုံစံ မပျက်သည့် အလှဆင်ပစ္စည်း (Decorative Parts) များနှင့် ယာဉ်ထုတ်လုပ်သည့် ခုနှစ် အလိုက် Original Grille ပြန်လည်တပ်ဆင်ခြင်းတို့ကိုလည်း ခွင့်ပြုပေးထားသည်။

ယခင်က ယာဉ်စစ်ဝင်ရာတွင် အပိုပစ္စည်းများကို ဖြုတ်ခိုင်းသဖြင့် ဖြုတ်ခ၊ ပြန်တပ်ခ ကုန်ကျစရိတ်များအပြင် အချိန်တစ်နေကုန်နီးပါး ကြန့်ကြာခဲ့ရကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

က.ည.န အနေဖြင့် ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်မှ စတင်ကာ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းနှင့် ငွေပေးချေမှု လုပ်ငန်းများကို အွန်လိုင်းစနစ်၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ.စဉ်-၆)

ဂျုံတစ်ကော အထွက်နှုန်းတိုးရန် မျိုးစေ့၊ မြေဩဇာနှင့် ရေသွင်းစနစ် မှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်

မန္တလေး နိုဝင်ဘာ ၁၈

ဂျုံသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိစေရန်အတွက် ဒေသန္တိုက်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးစေ့နှုန်းထားနှင့် မြေဩဇာအသုံးပြုမှုမှန်ကန်ခြင်း၊ သက်တမ်းအလိုက် ရေသွင်းခြင်းနှင့် အပင်ပြုစုစောင့်ရှောက်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂျုံစိုက်ပျိုးရန် အသင့်တော်ဆုံးကာလမှာ အောက်တိုဘာလ နောင်းပိုင်းနှင့် နိုဝင်ဘာလအစောပိုင်းဖြစ်ပြီး မိုးရေ၏ မြေတွင်း အစိုဓာတ်ကို အသုံးပြုစိုက်ပျိုးပါက အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အတွင်း၊ ရေသွင်းစိုက်ပျိုးပါက နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စိုက်ပျိုးနိုင်သည်။

ဂျုံသီးနှံအတွက် မြေဩဇာထက်သန်သော နုန်းမြေ၊ နုန်းမြေစေးနှင့် သဲနုန်းမြေများသည် သင့်တော်ပြီး နုန်းမြေမှာ အသင့်တော်ဆုံးဖြစ်သည်။ မြေချဉ်ငံဓာတ် (စံ) ၅ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်း စိုက်ပျိုးနိုင်ကာ စံ ၆ ဒသမ ၄ သည် အသင့်တော်ဆုံးဖြစ်သည်။



စိုက်ပျိုးနည်းစနစ်အနေဖြင့် မြေတွင်းအစိုဓာတ်ဖြင့် စိုက်ပျိုးသည့်ဧရိယာများတွင် တစ်ဧကလျှင် အနံ့ပါပင်ပွား ၇ သိန်းရရှိရန် တန်းကြား ၈ လက်မထား၍ မျိုးစေ့လက်ဖြူးချစိုက်ပျိုးရမည်ဖြစ်ပြီး ရေသွင်းစိုက်ပျိုးသည့် ဧရိယာများတွင် တစ်ဧကလျှင် အနံ့ပါပင်ပွား ၁၀ သိန်းရရှိရန် တန်းကြား ၆ လက်မထား စိုက်ပျိုးရမည်ဖြစ်သည်။

တစ်ဧကမျိုးစေ့နှုန်းထား အနေဖြင့် မြေတွင်းအစိုဓာတ်ဖြင့် စိုက်ပျိုးပါက ၁ ဒသမ ၅ တင်းနှင့် ရေသွင်းစိုက်ပျိုးပါက နှစ်တင်းအထိ အသုံးပြုရန်လိုအပ်သည်။ ထို့အပြင် ဂျုံမစိုက်ပျိုးမီ ၄ ပတ်မှ ၆ ပတ်ခန့် ကြိုတင်၍ ရရှိနိုင်သမျှ သဘာဝမြေဩဇာ ထည့်သွင်းပေးရမည်ဖြစ်သည်။

အထွက်နှုန်းတိုးတက်စေရန် တစ်ဧကလျှင် ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၁၁၂ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင်တို့ကို မြေပြင်ချိန်တွင် ထည့်သွင်းရမည်ဖြစ်ပြီး ပထမအကြိမ် ရေသွင်းချိန်၌ ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်းပေးရန် လိုအပ်သည်။

မျိုးရွေးချယ်ရာတွင် ရှမ်းပြည်နယ်၌ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်သည့် ရေဆင်း-၉၊ ရေဆင်း-၁၀၊ မက္ကဆီပက်နှင့် ရင့်ကျီ-၄၃၇ မျိုးများကို အများဆုံးစိုက်ပျိုးကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာဂျုံဖြူမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ဧလုပ်ဂျုံဖြူနှင့် V-၁၂၈၇ မျိုးများကိုလည်း စိုက်ပျိုးကြသည်။

ရေသွင်းစိုက်ပျိုးသည့် ဂျုံခင်းများတွင် ကျရောက်တတ်သော ဂျုံသံချေးရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ဧလုပ်ဖြူ-၁၊ ရေဆင်း-၉ နှင့် ရေဆင်း-၁၀မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။

အပင်ပြုစုစောင့်ရှောက်မှု အနေဖြင့် စိုက်ပျိုးပြီး ၂၅ ရက်သားနှင့် ၄၅ ရက်သားတွင် ပေါင်းမြက်ကင်းရှင်းစေရန် ကြားပေါင်းလိုက်ပေးရမည်ဖြစ်သည်။ ရေသွင်းစိုက်ပျိုးသည့် ဂျုံခင်းများတွင် စိုက်ပြီး ၂၅ ရက်၊ ၄၅ ရက်နှင့် ၆၀ ရက်သားတို့၌ တစ်ကြိမ်စီ ရေသွင်းပေးရမည်ဖြစ်ပြီး ပင်ပွားစည်ချိန်နှင့် ပန်းဖြိုင်ဖြိုင် ပွင့်ချိန်တို့တွင် ပင်ခြေရေမဝပ်စေရန် ဂရုတစိုက် ရေသွင်းပေးရန် လိုအပ်သည်။

အနံ့ထွက်ပြီးနောက်ပိုင်းတွင် ဂျုံနုန့်ခင်းရောဂါနှင့် ကြွက်ဖျက်ဆီးမှုများ ဖြစ်ပွားနိုင်သဖြင့် စိုက်ခင်းပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက ကြွက်ဆေးချခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ဂျုံရိတ်သိမ်းရာတွင် အနံ့အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ရင့်မှည့်ပြီး ဂျုံပင်၏ ရိုးတံနှင့် အနံ့များ အဝါရောင်ပြောင်းလာချိန် သို့မဟုတ် စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ မှ ၁၁၅ ရက်ခန့်တွင် ရိတ်သိမ်းရမည်ဖြစ်သည်။

ထို့အပြင် ဂျုံသီးနှံကို ဘီစကစ်၊ ပလာတာ၊ ထပ်တစ်ရာ၊ စမူဆာ၊ ခေါက်ဆွဲခြောက်အမျိုးမျိုး၊ ပေါင်မုန့်၊ ပေါက်စီနှင့် အသားပေါင်းအမျိုးမျိုးအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

o-o-o-o-o

o-o-o-o

ပျားမွေးမြူရေးနှင့် သီးနှံစိုက်ခင်းများ အပြန်အလှန်အကျိုးပြုနေ

မန္တလေး နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု လုပ်ငန်းများကို ရာသီအလိုက် ဒေသပြောင်းရွှေ့လုပ်ကိုင်နေကြပြီး ပျားအုံများကို သီးနှံစိုက်ခင်းများအနီး ထားရှိမွေးမြူခြင်းဖြင့် သီးနှံဝတ်မှုန်ကူးမှုကို အထောက်အကူပြုကာ ပျားမွေးမြူသူများနှင့် စိုက်ခင်းပိုင်ရှင်များအကြား အပြန်အလှန်အကျိုးပြုလျက်ရှိကြောင်း ပျားမွေးမြူရေးလုပ်ကိုင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ပျားမွေးမြူရာသီမှာ ဧပြိုလကုန်မှ စက်တင်ဘာလကုန်အထိ ခြောက်လခန့် ကြာမြင့်ပြီး ယင်းကာလအတွင်း ပျားအုံများ တိုးပွားမွေးမြူခြင်းနှင့် ပျားရည်ထုတ်လုပ်နိုင်ရန် ပြင်ဆင်ခြင်းများ လုပ်ဆောင်ကြသည်။

ပျားဘုရင်မအသစ်တစ်ကောင် သားဖောက်ရန် ၁၀ ရက်မှ ၁၂ ရက်ခန့် ကြာမြင့်ပြီး ရာသီဥတုကောင်းမွန်ပါက မိတ်လိုက်ပြီး ငါးရက်ခန့်အကြာတွင် ဥစတင်ဥနိုင်ကြောင်း၊ ပျားဘုရင်မတစ်ကောင်ကို နှစ်နှစ်ခန့် အသုံးပြုနိုင်သည်။ မိုးရွာသွန်းသည့် ကာလတွင် ပျားများအတွက် သဘာဝအစာမလုံလောက်ပါက သကြားရည်ကို ဖြည်စွက်စာအဖြစ် ကျွေးမွေးရပြီး ပျားသားလောင်းပါဝင်သည့် ပျားချပ်တစ်ချပ်လျှင် ငွေကျပ် ၁၃၀၀၀ ခန့် ပေါက်ဈေးရှိသည်။

ပြီးခဲ့သည့် ပျားရည်ရာသီအဆုံးပိုင်းဖြစ်သည့် ဧပြိုလတွင် ပျားရည်တစ်ပိသာလျှင် ငွေကျပ် ၅၅၀၀ ဖြင့် ရောင်းချခဲ့ရသည်။ ပျားရည်ထွက်ရှိမှုမှာ သီးနှံပန်းပွင့်သည့်ရာသီအပေါ် မူတည်ပြီး ဆီးသီးရာသီတွင် ပျားရည်အများဆုံးထွက်ရှိကာ ပျားအုံ ၁၀၀ လျှင် ခုနှစ်ရက်တစ်ကြိမ် ပျားရည်တစ်ပီပါမှ တစ်ပီပါခွဲအထိ ရရှိနိုင်ကြောင်း၊ တစ်ပီပါလျှင် ပိသာ ၁၈၀ ခန့်ဝင်သည်။

ပျားရည်ထုတ်လုပ်မှုကို ရာသီအလိုက် ဒေသပြောင်းရွှေ့လုပ်ကိုင်ကြရာ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်ရှိ ဆီးစိုက်ခင်းများ၌ ပျားရည်စတင် ထုတ်လုပ်ကြပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ပြင်ဦးလွင်နှင့် နောင်ချိဒေသတို့၌ ပန်းနှမ်းပျားရည်ထုတ်လုပ်ကြသည်။

ယင်းနောက် ဧန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် စစ်ကိုင်းအထက်ပိုင်းဒေသများသို့ ရွှေ့ပြောင်းကာ ပျားရည်ထုတ်လုပ်ကြပြီး ဧပြိုလကုန်တွင် ပျားရည်ရာသီအဆုံးသတ်ကာ ပျားရည်ထုတ်လုပ်မှုရပ်နားပြီး မေလတွင် ပျားအုံအသစ်များ ပြန်လည်မွေးမြူကြခြင်းဖြင့် ရာသီစက်ဝန်း တစ်ပတ် ပြည့်မြောက်သည်။

ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အဓိကလုပ်ကိုင်ကြသည်။

ပျားရည်ထွက်ရှိသည့်ရာသီတွင် ဝယ်ယူသည့်ကုမ္ပဏီများက ပျားစခန်းနှင့် စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြသော်လည်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်မြင့်မားနေသည်။

ပျားမွေးမြူသူများသည် ပျားအုံများခဲထားမည့် ကျေးရွာနှင့် စိုက်ခင်းပိုင်ရှင်များကို ကြိုတင်ညှိနှိုင်းကြပြီး ကျေးရွာရဟန်ပုံဝွေအတွက်လူဒါန်းခြင်း၊ ပျားပုံးအရေအတွက်အလိုက် စိုက်ခင်းပိုင်ရှင်အား အခကြေးငွေပေးခြင်းများ လည်းရှိသည်။ ပျားပုံးချထားခမှာ ပုံသေစျေးနှုန်းမရှိဘဲ နှစ်ဖက်ညှိနှိုင်းသတ်မှတ်ကြခြင်းဖြစ်သည်။

ပျားများသည် သီးနှံပင်များ၏ ဝတ်မှုန်ကူးမှုကို ကူညီပေးသည့်အတွက် အသီးအနှံဖြစ်ထွန်းမှုကို အထောက်အကူပြုသကဲ့သို့ သီးနှံစိုက်ခင်းများအနီး ပျားအုံများထားရှိမွေးမြူခြင်းသည် သဘာဝ ဝတ်မှုန်ကူးမှုလုပ်ငန်းစဉ်ကို အားကောင်းစေပြီး ပျားမွေးမြူသူများအတွက်လည်း ပျားရည်ထုတ်လုပ်ရန် အစာအရင်းအမြစ် ရရှိစေသည့်အတွက် လုပ်ငန်းနှစ်ရပ်အကြား အပြန်အလှန် အကျိုးပြုနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် လိုင်စင်ရ ပျားမွေးမြူသူ ၉၀၀ ကျော်ရှိပြီး ပျားအုံပေါင်း နှစ်သိန်းကျော်ဖြင့် ပျားရည်ထုတ်လုပ်လျက်ရှိကြောင်း ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲ၏ထုတ်ပြန်ချက်အရ သိရသည်။ ပျားမွေးမြူရေးကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးလုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံတွင် နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုင်ချီးပျားရည်နှင့် ရာဘာပျားရည်တို့ကို ရာသီအလိုက် ထုတ်လုပ်လျက်ရှိသည်။ **(အောက်ပုံ)**

လက်ရှိတွင် မြို့နယ် ၃၁ မြို့နယ်၌ အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခု ဖွင့်လှစ်လုပ်ကိုင်နေကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ထုတ်ပြန်ထားကြောင်း သိရသည်။

(မန္တလေးနေ.စဉ်-၆)



သီတင်းကျွတ်လပြည့်နေ့နှင့် အဘိဓမ္မာတရားတော်(၂)

ဒေါက်တာခင်ဝင်းကြည်

ကျွန်မတို့ သုတ္တန်တရားတော်တွေအကြောင်း ပြောနေကြတာပါ။

သုတ္တန်တရားတော်တွေဟာ တရားနာတဲ့ပုဂ္ဂိုလ်၊ တရားနာတဲ့ ပရိသတ်ရဲ့ စိတ်နေစိတ်ထား ဘဝပေးအခြေအနေ၊ ပါရမီအနု၊ အရင့် စတဲ့ **အခြေအနေတွေအပေါ်မှာမူတည်ပြီး သင့်လျော်အောင်ဟောကြားထားတဲ့** တရားတော်တွေ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ကျွန်မတို့အားလုံး ကြားဖူးကြတဲ့ **ပဋ္ဌာစာရီ** ဆိုတဲ့ အမျိုးသမီး။ ခင်ပွန်းသေ၊ သားတွေဆုံးလို့ ဝမ်းနည်းကြေကွဲနေရတဲ့အထဲ မိခင်၊ ဖခင်နဲ့ အစ်ကိုတွေပါ သေဆုံးသွားတာကို သိလိုက်ရတော့ ဘယ်လိုမှ မခံနိုင်တော့ဘဲ ရူးသွပ်သွားရှာတယ် မဟုတ်ပါလား။

ပဋ္ဌာစာရီကိုတော့ **တွေ့ကြုံဆုံကွဲဆိုတဲ့ သဘာဝလောကရဲ့ အမြဲဖြစ်–ပျက်တတ်တဲ့ နိယာမ** သဘောတရား၊ **မွေးဖွားခြင်း**(ဇာတိ)ဆိုတာ စလာတာနဲ့ **သေဆုံးခြင်း**(မရဏ)ဆိုတာက **တစ်ခါတည်းပါလာ**တဲ့အကြောင်း၊ ဘဝအဆက်ဆက် လည်ပတ်ခဲ့ရတဲ့ **သံသရာမှာ ဒါမျိုးတွေ အထပ်ထပ်ကြုံခဲ့ရတာများပြီလေ**ဆိုပြီး သတိပေးဆုံးမတော်မူခဲ့တဲ့ တရားကို ဟောတော်မူခဲ့တယ်ဆိုတာ ကျွန်မတို့ ဖတ်ဖူး၊ မှတ်ဖူးကြတယ် မဟုတ်ပါလား။

ဒါက ပဋ္ဌာစာရီရဲ့ အခြေအနေနဲ့ ကိုက်ညီအောင် ဟောကြားခဲ့တဲ့ တရားဖြစ်ပါတယ်။

လူတကာ ငေးကြည့်ရလောက်အောင် ချောမောလှပတဲ့ **ဓမ္မာမိဖုရား**ကိုတော့ ပဋ္ဌာစာရီကို ဟောခဲ့တဲ့တရားဟောလို့ သတိတရား ရမှာ မဟုတ်ဘူးလေ။ ဒီတော့ **လှပခြင်းဆိုတာ တစ်ခဏ**။ အရွယ်ရိတုန်းမှာသာ လှပနေတာ။ အသက်ကြီးလာလေလေ တဖြည်းဖြည်း ချိုယွင်းလာပြီး **အိုမင်းလာတဲ့အခါ အလှအပတွေ ပျောက်ကွယ်သွား**တတ်တယ်။ ကိုယ့်ထက်လှတဲ့လူတွေလည်းရှိသလို သူတို့လည်းပဲ တဖြည်းဖြည်းအိုသွားတာနဲ့အမျှ အလှတွေလည်း ပျက်ယွင်းသွားတဲ့အကြောင်း။ **မမြဲတဲ့ အနိစ္စသဘော**။ မာနတွေ တက်နေစရာမရှိတဲ့အကြောင်း သတိပေးဆုံးမတော်မူခဲ့ပါတယ်။ **သတိပေးဆုံးမတယ်ဆိုတာ တရားဟောတာပဲ** မဟုတ်ပါလား။ ဒီတရားတော်ကမှ အလှမာန်တက်နေတဲ့ မိဖုရားနဲ့ သင့်တော်မယ့် တရား ဖြစ်ပါတယ်။

အဲဒီလို တရားနာပုဂ္ဂိုလ်ရဲ့ အကျင့်စရိုက်၊ စိတ်နေစိတ်ထား တွေကိုကြည့်ပြီး သင့်လျော်တဲ့တရားတွေကို မြတ်စွာဘုရားရှင်ဟာ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးချိန်မှစ၍ ဘီစီ(၅၈၈) ပရိနိဗ္ဗာန်စံတော်မူသည့် ဘီစီ(၅၄၃)အထိ **(၄၅)ဝါ၊ (၄၅)နှစ်ပတ်လုံး ဟောကြားတော်မူခဲ့ပါတယ်**။

ဓမ္မက္ခန္ဓာပေါင်း **တရားအစုပေါင်း(၂၁၀၀၀)**ရှိပါတယ်။ အဲဒီတရားအစုအားလုံးကို သုတ္တန်ဒေသနာတော်များအဖြစ် **သုတ္တန်ပိဋကတ်**မှာ တစုတစည်းတည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ သာမန်လူတွေ နေ့စဉ်သုံးနေတဲ့ စကားလုံး(ဝေါဟာရ)တွေကိုပဲသုံးပြီး ဟောထားတာဖြစ်တဲ့အတွက် သုတ္တန်တရားတော်တွေကို **ဝေါဟာရဒေသနာ**လို့လည်း ခေါ်လေ့ရှိပါတယ်။

(၃) အဘိဓမ္မာပိဋကတ်

မိမိတို့၏ ပင်ကို **မူလသဘောသဘာဝ** (Basic Nature) **မှ ဖောက်ပြန်ပြောင်းလဲခြင်း လုံးဝမရှိတဲ့ အစစ်အမှန်တရားတွေ** ကို ပါဠိဘာသာစကားဖြင့် **ပရမတ္ထတရားများ** (Ultimate Realities) လို့ ခေါ်ပါတယ်။

ဂေါတမဗုဒ္ဓရဲ့ ဒေသနာတော်မှာ အဲဒီလို **တရား(၄၅)ပါး**ရှိပါတယ်။ ကျွန်မတို့အားလုံး ကြားဖူးကြတဲ့-

၁။ **စိတ်**

၂။ **စေတသိက်**

၃။ **ရုပ်**

၄ **နိဗ္ဗာန်** တို့ပဲ ဖြစ်ပါတယ်။

စိတ် ဆိုတာဘာကိုပြောတာပါလဲ။ အဲဒီစိတ်ဆိုတဲ့ ပရမတ္ထတရားမှာ ဘယ်လိုမြင်ပြီးလဲတဲ့ သဘောသဘာဝရှိပါသလဲ။ အမျိုးအစား ဘယ်နှခုလောက်ရှိပါသလဲ အစရှိသဖြင့် စနစ်တကျ **အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြီး**ဟောထားတဲ့ တရားတွေ အဘိဓမ္မာ ဒေသနာတော်အပိုင်းမှာ တွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာ-စိတ်ဆိုရင် **စိတ်မှန်သမျှမလွဲမသွေ အမြဲတမ်းရှိရမယ့် သဘောသဘာဝက "အာရုံကို သိတတ်တဲ့သဘော"** ဖြစ်ပါတယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့.အထိဆိုတဲ့ လောကီအာရုံတွေ ကျွန်မတို့ နေ့စဉ်နဲ့အမျှ အိပ်နေချိန်မှလွဲ၍ **အမြဲထိတွေ့နေရတဲ့ အာရုံတွေကို သိလိုက်တယ်ဆိုရင်ကိုပဲ " စိတ် "**ဆိုတာ ပေါ်လာတာပဲ ဖြစ်ပါတယ်။

တခြားဘာကိုပဲသိသိ၊ **အာရုံတစ်ခုခုကို အာရုံစိုက်မိလို့ သိလိုက်တယ်**ဆိုတာနဲ့တစ်ပြိုင်နက် **" စိတ် "တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ပေါ်လာမှာပဲ** ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က ဘယ်လိုမျိုးအာရုံပဲဖြစ်ဖြစ် အာရုံစိုက်လိုက်မိလို့ သိလိုက်တဲ့စိတ်ကို အကျဉ်းချုပ်အားဖြင့် ခွဲလိုက်မယ်ဆိုရင် **(၈၉)မျိုး၊ အကျယ်ချဲ့လိုက်မယ်ဆိုရင် (၁၂၁)မျိုး**ရှိနိုင်ကြောင်း အဘိဓမ္မာဒေသနာတော်မှာ အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။

ကျွန်မ ကျောင်းတက်နေတုန်း(ဟိုးရှေးရှေးတုန်းက ဆိုပါတော့) စိတ်ဆိုတာနဲ့ပတ်သက်လို့ Six Theories of Mind ဆိုတာ ဖတ်ဖူးပါတယ်။ စိတ်ဆိုတာနဲ့ပတ်သက်ပြီး အနောက်တိုင်း တွေးခေါ်ရှင်တွေကလည်း အတော်ကို စိတ်ဝင်စားကြတယ်နဲ့တူပါတယ်။ တစ်ယောက်တစ်မျိုး စဉ်းစားအဖြေရှာကြတာ အဓိကအားဖြင့် **အဖြေ(၆)မျိုး၊ သီအိုရီ(၆)ခု** ထွက်လာတာကို အဲဒီစာအုပ်မှာ စုစည်းရေးထားတာပါ။

သီအိုရီတစ်ခုချင်းကို တင်ပြတယ်။ အဲဒီသီအိုရီကို လက်ခံတဲ့ **အတွေးအခေါ်ရှင်တွေ၊ Philosophers တွေ၊ Psychologists တွေရဲ့ အတွေးအခေါ်၊ အယူအဆတွေ**တင်ပြတယ်။ ပြီးတော့ **သီအိုရီတစ်ခုချင်းစီရဲ့ အားနည်းချက်၊ အားသာချက်**တွေကို တန်းစီပြီး သုံးသပ်တယ်ပေါ့။

စာအုပ်တစ်အုပ်လုံးကို ကြိုးစားပမ်းစားဖတ်လည်းပြီးရော ကျွန်မ **ဘယ်သီအိုရီကို လက်ခံရပါ့မလဲ မဝေခွဲတတ်တော့ပါဘူး**။

ကျွန်မ နှစ်အတော်လေးကိုကြာမှ အဘိဓမ္မာကို လေ့လာဖြစ်ခဲ့ပါတယ်။ အဲဒီတော့မှ **" စိတ် "**ဆိုတာ **"အာရုံကိုသိတတ်တဲ့သဘော"** ကို ပြောတာပါလားဆိုတာ **တိကျတဲ့အဖြေကိုရခဲ့ကြောင်းပါ**။

အဲဒီစိတ်ဆိုတာကလည်း အကျဉ်း(၈၉)မျိုး၊ အကျယ်(၁၂၁) မျိုးတောင်ရှိတယ်ဆိုတော့ ပထမတော့ နည်းနည်းလန့်သွားပါတယ်။ (ကျွန်မက စာကျက်ပျင်းတဲ့လူဖြစ်လို့ပါ။) ဒါပေမဲ့ တကယ့်တကယ် စိတ်နှစ်ပြီး လေ့လာလိုက်တော့လည်း ကျွန်မ နားလည်သွားပါတယ်။

စိတ်ပြီးတော့ နောက်ထပ် ပရမတ္ထတရား၊ **စေတသိက်နဲ့ ရုပ်**ဆိုတာကိုလည်း **စေတသိက်က(၅၂)မျိုး၊ ရုပ်က(၂၈)မျိုး** ဆိုတော့ ကျွန်မ အတော်ကို ကြိုးစားလိုက်မှတ်ခဲ့ရပြန်ပါတယ်။ ကျွန်မ စာကျက်ပျင်းပေမယ့် စိတ်ဝင်စားရင်တော့လည်း စိတ်ကိုနှစ်ပြီး အာရုံစိုက်နိုင်ခဲ့ပါတယ်။

" နိဗ္ဗာန် "ကိုတော့ ကျွန်မ အခုအထိနားလည်ဖို့ ကြိုးစားနေဆဲပဲဖြစ်ပါတယ်။ **နိ+ဝါန = တဏှာကင်းရာ**ဆိုတော့ တဏှာဆိုတဲ့ တပ်မက်ခြင်းကင်းရာ **နိဗ္ဗာန်**။ ဘာလို့လဲဆိုတော့ **"နိဗ္ဗာန် "**ဆိုတဲ့ စကားလုံးက **"နိဝါန "**က ဆင်းသက်လာတာဖြစ်လို့ပါ။ နိဗ္ဗာန်ဆိုတာ ဆင်းရဲခပ်သိမ်းငြိမ်းအေးရာအမှန်လို့ဆိုတော့ **ဒုက္ခရဲ့အကြောင်းရင်းက တဏှာ** သစ္စာလေးပါးထဲက ဒုတိယသစ္စာတရားဖြစ်တဲ့ **သမုဒယသစ္စာမှာ ပြောထားပြီး** ဖြစ်ပါတယ်။ အဲဒီတော့ တဏှာဆိုတဲ့ **လိုချင်တပ်မက်မှုတွေကို လုံးဝဖြတ်လိုက်နိုင်ရင် ဒုက္ခခပ်သိမ်းငြိမ်းအေးသွားမှာ** သေချာပါတယ်။

ဒုက္ခခပ်သိမ်းငြိမ်းတာကိုက နိဗ္ဗာန်ကို ရောက်သွားတာ၊ နိဗ္ဗာန်ကိုရရှိသွားတာ မဟုတ်ပါလား။

နိ = မရှိ၊ ကင်းသည်။

ဝါန = တဏှာ

(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၇၆၃)

နိဗ္ဗာန်ကို **သန္တိသုခ** လို့လည်း ခေါ်ပါတယ်။

သန္တိ = ငြိမ်းချမ်းသည်၊ ငြိမ်သက်သည်။ ကိလေသာအပူအားလုံးမှ ငြိမ်းသည်။

(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၈၄၄)

တစ်ခါတစ်ရံ **ဝိမုတ္တိသုခ** လို့လည်း ခေါ်ဝေါ်သုံးစွဲလေ့ရှိပါတယ်။

ဝိမုတ္တိ = လွတ်မြောက်ခြင်း

= စိတ်ကို ပူလောင်စေတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိသော ကိလေသာ တရားဆိုးများမှ လွတ်မြောက်ခြင်း။

(ပါဠိ-မြန်မာအဘိဓာန်၊ စာ-၇၈၉)

အဓိပ္ပာယ်ကတော့ အတူတူပါပဲ။ ပူလောင်စေတတ်တဲ့ ကိလေသာတွေက လွတ်မြောက်ပြီဆိုမှတော့ ငြိမ်းအေးခြင်း ရရှိသွားမှာဖြစ်ပါတယ်။ **အရဟတ္တမင်း**၊ အရဟတ္တမင်း၏အကျိုး(ဖလ)ဖြစ်တဲ့ **အရဟတ္တဖိုလ်**ကို ရရှိတော်မူတဲ့ **ရဟန္တာပုဂ္ဂိုလ်**အဖြစ် ရောက်ရှိသွားခြင်းပဲ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး နိဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းနှန်သူကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန် ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မင်းနှန်သူကျေးရွာ၌ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်ကြသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါ လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ရှိသူများက မင်းနှန်သူကျေးရွာ RBF စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် RBF စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းနှန်သူကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် အစုအဖွဲ့(၁)ဖွဲ့မှ အသင်းသား၊ အသင်းသူ ငါးဦးကို RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)



(၄၄၅)

ပြည်သူ့စာကြည့်တိုက်၌ ပုံပြင်ပြောပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်သား နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာ တိုးပွားစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပုံပြင်ပြောပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်၊ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်၊ လူအများရှေ့တွင် ပြောရဲ၊ ဆိုရဲသော သတ္တိများရှိလာစေရန်နှင့် အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲတွင် စည်းလုံးခြင်းသည် အင်အား ပုံပြင်ကို ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ရေဘေးအန္တရာယ် ဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)



ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခြင်းကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမတွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲတွင် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးအေးမင်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထွေးထွေးခိုင်က ကလေးအလုပ်သမား အဓိပ္ပာယ်၊ ဥပဒေနှင့်အညီ အလုပ်လုပ်သောကလေးများ၏ အသက်အရွယ်နှင့်ပတ်သက်၍ ဥပဒေပါပြဋ္ဌာန်းချက်များအကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကလေးအလုပ်သမားဖြစ်ပွားရခြင်းအကြောင်းအရင်းနှင့် နိုင်ငံတကာရှိ ကလေးအလုပ်သမားများ အကြောင်းတို့အား အသိပညာပေးဟောပြောကာ တာဝန်ရှိသူများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့် ဟိုတယ်ဝန်ထမ်းများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၄၈၁)**

စာအုပ်စာစောင်ပြပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၈

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ စာအုပ်စာစောင်ပြပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကို ယနေ့နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများခင်းကျင်းပြသထားသော ရွှေသွေးဂျာနယ်၊ မိုးသောက်ပန်းဂျာနယ် စသည့်ဂျာနယ်များ၊ ငွေတာရီမဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းများ ၊ သုတ၊ ရသ စာအုပ်စာစောင်များနှင့်ပက်သတ်၍ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားပြီး အဆိုပါ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှု မှတ်သားခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်တိုးတက်လာစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့ရာ အလယ်တန်းအဆင့် Grade -6 မှ ကျောင်းသား၊ ကျောင်းသူများ ဖျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၆၉)

--*-*-*





ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ် စာပေ လေ့လာစို့။


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

ထိန်ဆီမီးမြိုင် တန်ဆောင်တိုင်

* သည်လသည်ည
မြူကင်းဝဋ္ဌာ ဝင်းပစန္ဒာ
ကြတ္တိကာနှင့် ဗြိစ္ဆာရာသီ
စိတ်မှာကြည်နူး စုံညီနက္ခတ်
မိုးလုံးပတ်လည် ဖျိုးဖျတ်ဖျတ်ဖွေး
မြောက်လေသွေးစ ချမ်းအေးမြမြ
ဆေးပေါင်းခ, ည လပြည့်တန်ဆောင်။

* သည်လသည်ခါ
ကြည်မြသာယာ တန်ဆောင်ကာလ
စဉ်လာမယွန်း သိုက်သိုက်ဝန်းဝန်း
မီးထွန်းပွဲတော် ဆင်နွဲပျော်ကြ
ပူဇော်ဆီမီး ရှုမငြီးဖွယ်
ဆီမီးတစ်ထောင် ပန်းတစ်ထောင်နှင့်
ဂုဏ်ရောင်မမိုန် ဘုံကထိန်ခင်း
ထိန်ဆီမီးမြိုင် တန်ဆောင်တိုင်။

* သည်လသည်ည
ဆီမီးကမြိုင် သဒ္ဓါခိုင်မြဲ
ယှဉ်ပြိုင်နွဲကြ သိဂ်ုတ္တရ
ကုန်းအထက်က ရှေးထုံးမပျက်
မသိုးသင်္ကန်း ပြိုင်ပွဲဆန်းကြယ်
သင်္ကန်းပညတ် နေ့မထပ်ရ
ရက်ခတ်လျင်မြန် လက်ခတ်သံညံ
မြန်ဆန်အကျိုး လွန်တန်ဖိုးရှိ
မသိုးသင်္ကန်း မြတ်သင်္ကန်းဖြင့်
လှူဒါန်းဆက်ကပ် လေးဆူဓာတ်ပုံ
မြတ်ရွှေတိဂုံ ပူဇော်ပုံထူး
အရဏ်ဦး။

* သည်လသည်ည
ခေတ်မီဆန်းပြား မီးပန်းများဆင်
ကျော်ကြားထင်ပေါ် နိုင်ငံကျော်ပ
ပူဇော်ဆီမီး ရှုမငြီးဖွယ်
ခရီးဝတီ မီးထိန်ထိန်လင်း
ဝင်းထိန်တဲ့ည ကမ္ဘောဇရဲ့
လပြည့်တန်ဆောင်။

* သည်လသည်ခါ
တို့ပြည်ရွာမှာ ရာသီခဝဲ
ပွင့်ဝေဆဲကြုံ စုံမြဲနက္ခတ်
ချမ်းအေးဓာတ်ဝင် ပြတ်သားဒါန
မာနမပါ စေတနာထက်
ပေးကမ်းရက်ရော လိုက်ဖက်တန်ဆောင်
ဆီမီးရောင်နှင့် ထွန်းပြောင်သည်တော့လေး။ ။

ဝင်းမောင်(မန်း)

နိုင်ငံတကာ အားကစား သတင်းများ



ကားလ်ဒါလော ဒူးဒဏ်ရာကြောင့် တစ်လခန့်အနားယူရတော့မယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၈

မန်ယူအသင်းနှင့် ဝေးလ်အသင်းဂိုးသမား ကားလ်ဒါလော ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ဂိုးသမားသည် နိုင်ငံအသင်းဖြစ်သည့် ဝေးလ်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား ကားလ်ဒါလော ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဝေးလ်အသင်း အတွက်သာမက ကလပ်အသင်း ဖြစ်သည့် မန်ယူအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



ဝေးလ်အသင်းနည်းပြဘယ်လာမီက 'ကားလ်ဒါလော ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမှာပါ။ သူဟာ အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။ သူရဲ့ဒဏ်ရာ အမြန် သက်သာ ပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်' ဟု ပြောသည်။

(ဝဲပုံ)

(NGB)

အင်္ဂလန် ယူ-၂၁ အသင်း သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် မက်စ်ဒေါင်းမန် မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၁၈

ကွင်းလယ်တိုက်စစ်ကစားသမား မက်စ်ဒေါင်းမန်(အသက် ၁၆နှစ်နှင့် ၃၂ရက်)သည် အင်္ဂလန် ယူ-၂၁အသင်း သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ခြေစမ်းပွဲစဉ်အဖြစ် အင်္ဂလန် ယူ-၂၁ အသင်းက ပြင်သစ် ယူ-၂၁ အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ကွင်းလယ်တိုက်စစ်ကစားသမား မက်စ်ဒေါင်းမန်သည် အင်္ဂလန် ယူ-၂၁အသင်းနှင့်အတူ နှစ်ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

ထို့ပြင် ကွင်းလယ်တိုက်စစ်ကစားသမား မက်စ်ဒေါင်းမန်သည်အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦး အဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

(အောက်ပုံ)

(NGB)



2026 Open Angers Loire Trélazé တင်းနစ်ပြိုင်ပွဲ နိဝင်ဘာ ၃၀ရက်တွင် စတင်မည်

အန်းဂါးစ် နိဝင်ဘာ ၁၈

ပြင်သစ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Open Angers Loire Trélazé တင်းနစ်ပြိုင်ပွဲကို လာမည့် နိဝင်ဘာ ၃၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

အဆိုပါ 2026 Open Angers Loire Trélazé တင်းနစ်ပြိုင်ပွဲကို နိဝင်ဘာ ၃၀ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Open Angers Loire Trélazé တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Open Angers Loire Trélazé တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဥဇဘက် ကစ္စတန် တင်းနစ်မယ် Kamilla Rakhimova ဖြစ်သည်။

(NGB)



အစ္စမဲလိုဂါနီယူကို ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား

လန်ဒန် နိဝင်ဘာ ၁၈

လီဗာပူးအသင်းသည် လန်းစ်အသင်း၏ နောက်ခံကစားသမား အစ္စမဲလိုဂါနီယူကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လန်းစ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လန်းစ်အသင်းကလည်း အစ္စမဲလိုဂါနီယူအတွက် မြင့်မားသည့် ပြောင်းရွေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လန်းစ်အသင်း ထံမှ အစ္စမဲလိုဂါနီယူကို ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



စကော့တလန်အသင်းသမိုင်းတစ်လျှောက် ပွဲအများဆုံးကစားထားသူအဖြစ် ရောဘတ်ဆန် မှတ်တမ်းဝင်

လန်ဒန် နိဝင်ဘာ ၁၈

စကော့တလန်အသင်း နောက်ခံကစားသမား ရောဘတ်ဆန်သည် အသင်းသမိုင်းတစ်လျှောက်ပွဲအများဆုံး ကစားထားသူအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်အဖြစ် စကော့တလန်အသင်းက ဆွစ်ဇာလန်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရောဘတ်ဆန်သည် စကော့တလန်အသင်းနှင့်အတူ ၂၀၁၄မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲ ပေါင်း ၁၀၃ ပွဲကစားကာ လေးဂိုး သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရောဘတ်ဆန်က 'ကျွန်တော် ကြာ ကျင်းပသွားမည်ဖြစ်သည်။

ဒီကလန်ရိုက်စ် အာဆင်နယ်အသင်းနှင့် နှစ်ရှည်သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ

လန်ဒန် နိဝင်ဘာ ၁၈

အာဆင်နယ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်ကို နှစ်ရှည်သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုစာချုပ်သစ်ကြောင့် တစ်ပတ်လုပ်ခလစာ ၎ စတာလင်ပေါင် သုံးသိန်း အထိ ရရှိသွားဖွယ်ရှိသည်။

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်ကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အာဆင်နယ်အသင်းက စာချုပ်သက်တမ်းတိုးလာခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ ပွဲ ကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)

(NGB)



နော်ဝေအသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် နိဝင်ဘာ ၁၈

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နော်ဝေအသင်းနှင့် ဒိန်းမတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(အပေါ်ဝဲပုံ)

နော်ဝေအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၇ မိနစ်နှင့် (၉၀+၆)မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၈၃ မိနစ်တွင် အိုဒီဂတ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

နော်ဝေအသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ် ခြောက်ပွဲကစားအပြီးတွင် ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

ဂျွန်ဘော့စတော့ခ် ဘောလုံးကစားသမားဘဝမှ အနားယူ

လန်ဒန် နိဝင်ဘာ ၁၈

စပါးအသင်း ကွင်းလယ်ကစားသမားဟောင်း ဂျွန်ဘော့စတော့ခ်သည် ဘောလုံးကစားသမားဘဝမှ အနားယူဖြိုဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ ခရစ္စတယ်ပဲလေ့စ်၊ ဘရန့်ဖို့ဒ်၊ တူးလော့စ်၊ နော်တင်ဟမ်ဖောရက်စ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။



အသက်(၃၄)နှစ်အရွယ်ရှိ ဂျွန်ဘော့စတော့ခ်က 'ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။

(အပေါ်ပုံ) **(NGB)**

အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေ အပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(ယာဝဲပုံ) **(NGB)**



ဘောလုံးသတင်းအတိုအထွာများ

* ခရစ္စတယ်ပဲလေ့စ်အသင်း တောင်ပံကစားသမား အစ္စမိုင်လာဆားသည် အသင်းနှင့် စာချုပ်ကိစ္စအဆင်မပြေမှုကြောင့် လာမည့်ဆောင်းရာသီဈေးကွက်တွင် ထွက်ခွာသွားမည်ဖြစ်သည်။

* ဖီအိုရင်တီးနားအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား ဖရန့်ကိုမာစတာတူနိုကို အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့မှ အဖွဲ့ဝင် ၁၉၅ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ



နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက် ရှိသဖြင့် PDF အဖွဲ့မှ အမျိုးသား ၁၇၆ ဦး နှင့်အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၉၅ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာ ခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြ သည့် PDF အဖွဲ့ဝင်များအား မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက် ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ် ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာ ခဲ့သူများနှင့် ၎င်းတို့၏ မိဘ အုပ်ထိန်းသူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများ နှင့်ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းပြောကြား သည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အတူပါရှိလာသော MA-1 အမျိုးအစား သေနတ် လေးလက်၊ MA-2 အမျိုးအစား သေနတ်တစ်လက်၊ MA-3 အမျိုး အစား သေနတ်လေးလက်၊ M-4 အမျိုးအစား သေနတ်တစ်လက်၊ M-22 အမျိုးအစား သေနတ်တစ် လက်၊ M-16 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ်သုံးလက်၊ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်သေနတ်နှစ် လက်၊ ကျည်အိမ်မျိုးစုံ ၂၇ ခု၊ ကျည်မျိုးစုံ ၉၃၇ တောင့်၊ ဗုံးသီးနှင့် မိုင်းမျိုးစုံ ၃၅ မိုင်းမျိုးစုံ ၃၅ လုံး။ ကျည်ကာအင်္ကျီ တစ်ထည်၊စကားပြောစက်သုံးလုံး၊ စန္ဒိုက်ပါမှန်ပြောင်း တစ်လက်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။





ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်း များနှင့်အတူ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရှိုင်းဖယ် ၁၅ လက် အတွက် ဆုကြေးငွေကျပ်သိန်း ၇၅၀၊ ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၀၊ လက်လုပ် သေနတ်နှစ်လက် အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ ဗုံးသီးနှင့် မိုင်းမျိုးစုံ ၃၅ လုံးအတွက် ဆုကြေးငွေကျပ် ၁၀၅ သိန်း၊ ကျည်ကာအင်္ကျီတစ်ထည် အတွက် ဆုကြေးငွေနှစ်သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေခြောက်သိန်း၊ စန္ဒိုက်ပါ မှန်ပြောင်း တစ်လက်အတွက် ဆုကြေးငွေနှစ်သိန်း လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၆၄ ဦး အတွက် ဆုကြေးငွေကျပ် ၁၆၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် ခံဝန် ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်း အပ်နှံပေးသည်။

ၿငိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရ သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန် ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်း များနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ် သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

အလင်းဝင်(၁)

သူတို့ရဲ့ တပ်ရင်းနေရာမှာ ကျွန်တော့်ကို နေခိုင်းတယ်။ ဒီသင်တန်းမဆင်းခင်မှာ နှစ်လ လောက် ကျွန်တော်နေခဲ့ရတယ်။ ဒီနေတဲ့အခါမှာလည်း သူတို့လိုတဲ့ ဝေယျာဝစ္စတွေ လုပ်နိုင်းတယ်။ သင်တန်းဆင်းနေတဲ့ ကာလမှာလည်း သူတို့ကျွန်တော်တို့ကို ရိုက်နှက်ဆက်ဆံတာတွေလည်း ရှိတယ်။ ကျွန်တော်တို့ ဒီအရာတွေ ကိုကြည့်ခြင်းအားဖြင့် ကျွန်တော် တို့အလင်းဝင်ရောက်ဖို့ ဒီဟာတွေ ဖြစ်ခဲ့တယ်။ အလင်းမဝင်ရောက် ခင်မှာလည်း ပြောတာတစ်ခု လုပ်တာတစ်ခု လုပ်ရပ်မတူတဲ့ အတွက်ကြောင့် စိတ်ခံစားချက် တွေ စိတ်ခံစားမှု အရမ်းပြင်းထန် လို့ ဒီဘက်ထဲ အလင်းဝင်ရောက် လာခြင်းလည်းဖြစ်တယ်။ အလင်း ဝင်ရတဲ့အခါမှာလည်း နိုင်ငံတော် က မိခင်အရင်းလို ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ ဖိတ်ခေါ်ပေး တဲ့အတွက် ကျွန်တော်အင်မတန်မှ ဝမ်းသာပါတယ်။

အလင်းဝင်(၂)

အဖွဲ့အစည်းထဲကို ရောက်သွား တဲ့အခါမှာ ကိုယ့်ရဲ့တစ်ကိုယ်ရေ စာအသုံးစရိတ်အတွက်တောင်မှ အဆင်မပြေပါဘူး။ CDM စလုပ် ဖြစ်ခဲ့တာကတော့ ကျွန်မနဲ့ဌာန တူသူငယ်ချင်းတွေက အရင်လုပ် သွားတာရော ကျွန်မတို့ရဲ့ ဌာန ရှေ့မှာ ပြည်သူတွေက ရုံးမတက် နဲ့ရုံးထွက်ပေါ့ ကျွန်မကိုယ်တိုင်က လည်း ကာကွယ်ဆေးထိုးမယ့် အချိန်မှာ နောက်ကနေလိုက်ပြီး ရုံးမတက်နဲ့ရုံးထွက် အဲဒီလိုမျိုး လိုက်ပြောတဲ့အခါမှာ ရုက်တာ ရော ပြည်သူတွေရဲ့ ငြိုငြင်မှာ ကြောက်တာနဲ့ ကျွန်မ CDM ဝင် ဖြစ်သွားတာပါ။ တကယ်အခက် အခဲကြုံတဲ့အခါမှာလည်း ကျွန်မ တို့ပြည်သူတွေက ဘယ်သူမှလည်း မကူညီပါဘူး။ ကိုယ့်ဒုက္ခကိုယ်ပဲ ခါးစီးရင်ဆိုင်ရတာပါ။ အများကြီး သင်ခန်းစာရပါတယ်။ ဝန်ထမ်း တစ်ယောက်ဖြစ်လာဖို့ ဆိုတာ မလွယ်ပါဘူး။ မိဘတွေဘက်က ထားခဲ့ရတဲ့ ပညာရေးအခြေခံ လည်း ကုန်ကျစရိတ်တွေရော လူစွမ်းအား အရင်းအမြစ်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် အလွန်ကို ခဲယဉ်းလွန်းပါတယ်။ ဝန်ထမ်း တစ်ယောက်ဖြစ်လာဖို့ မလွယ်ပါ ဘူး။ အများကြီးနှစ်နာပါတယ်။ နှစ်နှစ်အတွင်းမှာတော့ ဘာခံစား ခွင့်မှမရခဲ့ပါဘူး။ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့စေတနာကို များစွာ ကျေးဇူးတင်မိပါတယ်။ နောင်ဟို ဘက်မှာကျန်ခဲ့တဲ့ ဘဝတူ CDM ဝန်ထမ်းတွေ အားလုံးလည်း ကျွန်မလိုပဲ ပြန်လာချင်တယ် ဆိုရင် ဒီမှာအားလုံးအဆင်ပြေပါ တယ်။ အားလုံးပြန်လာခဲ့ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်မအနေ နဲ့ တကယ်ကိုလွှိက်လွှိက်လဲလဲနဲ့ ကျေးဇူးတင်ရှိကြောင်းနှင့် CDM ဝန်ထမ်းအားလုံး ကိုယ်စားရော PDF လူငယ်လေးတွေရဲ့ ကိုယ်စား ရော၊ မိဘတွေရဲ့ ကိုယ်စားရော အားလုံးအတွက် တကယ်ကို ကျေးဇူးများစွာ တင်ရှိပါတယ်။ ကျွန်မကို ပြန်လည်တာဝန်ထမ်း ဆောင်ခွင့်ပေးမယ်ဆိုရင် ကျွန်မ နိုင်ငံတော်ရဲ့စေတနာကို ပြန်ပြီး တော့ တပ်မတော်ရဲ့စေတနာကို ဂုဏ်ပြုသောအားဖြင့် တာဝန်ပြန် ထမ်းဆောင်ပေးချင်ပါတယ်။

သတင်းစဉ်

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဗုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

စစ်ကိုင်း နိုဝင်ဘာ ၁၈

စစ်ကိုင်းမြို့အတွင်း သွေး လွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် ရည် ရွယ်၍ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက် ပိုင်းက မင်းလမ်းရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကြက်ခြေနီအဖွဲ့၊ အမျိုးသမီးရေး ရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့် ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် များက မင်းလမ်းရပ်ကွက်အတွင်း ရှိ နေအိမ်များအတွင်း ခြင်ဆေး ဖျန်းခြင်း၊ အတိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက် ခြင်း၊ ရေနုတ်မြောင်းများ ဆယ် ယူခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက် နေမှုအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ် ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင် မျိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့ နယ်အုပ်ချုပ်ရေးမှူးဦးတင်ယု၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွဲ့ ဝေလွင်နှင့်အဖွဲ့ဝင်များက လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများနှင့် ပေါင်း စပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

လူငယ်စကားဝိုင်းကျင်းပ

မိုးညှင်း နိုဝင်ဘာ ၁၈

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်း သားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အတွက် စာဖတ်ရှုရှုမြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ပိုင်းက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်း အုပ်ဆရာကြီး ဦးလှမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုး မေက လူငယ်များ အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတများ တိုးပွား လာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗလ ငါးတန်နှင့်ပြည့်ဝစေရန်၊ ကျောင်းသား၊ ကျောင်းသူများအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်တတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန်၊ လူအများရှေ့တွင် ပြောရဲဆိုရဲရှိတတ်စေရန်နှင့် မေးမြန်းဆွေးနွေးတတ်သည့် အလေ့အထကောင်းများရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေး ပြောကြားပြီး Grade-9 ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ကောင်းဆက်ပိုင်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ မောင်ဟန်ထက် စိုးက လူငယ်နှင့်အင်တာနက်၊ မောင်တိုးတက်အောင်က လူငယ်နှင့် ကျန်းမာရေး၊ မသဒ္ဓါဖြိုးဆုက လူငယ်နှင့်ပညာရေး၊ မပြည့်ပြည့်ဇော် က လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေး ကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန် လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရွှေမိုးညင်း

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၂ လုံး ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၈ လုံး စုစုပေါင်းအဆောက်အအုံ ၁၂ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၁ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ငါးဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြား ၃၃ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ကြီးတံခွန်မြို့နယ်တွင် ဒေသတန်ဖိုးငွေကျပ် ၅ ဒသမ ၀၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၃၃ ဒသမ ၅ သိန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧနှစ်ဂါရီ ၁ ရက်တွင် သာစည်မြို့နယ် ကျွတ်ဆုံကျေးရွာအနီး၌ တရားခံ နှစ်ဦးကို စိတ်ကြွဆေးပြား ၅၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံ ခြောက်ဦးနှင့် အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သိအဖက်တမင်း) တစ်ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့အား ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူ အောင်ဇော်မင်းခန့် ၄၂ နှစ်၊ ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူမှာ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရ၍ သတင်းဖလှယ်ပေးပို့ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဟွိုင်ခွမ်ခရိုင်၌ ဖမ်းဆီးရမိခဲ့သဖြင့် နိုဝင်ဘာ ၃ ရက်တွင် ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အောင်ဇော်မင်းခန့်၏ ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများအား ဂိုဒေါင်ငှားရမ်းပြီး သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ည) ရပ်ကွက်ရှိ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေရာ ဒေသတန်ဖိုးငွေကျပ် ၅ ဒသမ ၀၂၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၃၃ ဒသမ ၅ သိန်းကို ဖထက်ထက်အောင်၊ မနှင်းနုနုလှိုင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အောင်ဇော်မင်းခန့်သည် မူးယစ်ပြစ်မှုများ ကျူးလွန်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့်ကာလတွင် မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော်သယ်ဆောင်ရောင်းဝယ်မှုကို အကြိမ်ကြိမ်ကျူးလွန်ရာ၌ ၎င်း၏အစီအမံဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလမြို့နေ အခြားမူးယစ်အမှုများမှ အလိုရှိတရားခံပြေးဖြစ်သူ စိုင်းခမ်းပန်(ခ)အားရှင်း (ဖမ်းဆီးရန်ကျန်)မှ မန္တလေးသို့ ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ဇော်မင်းခန့်၏ခိုင်းစေချက်အရ မနှင်းနုနုလှိုင်က လက်ခံ၍ ဂိုဒေါင်ငှားရမ်းသိုလှောင်ပြီး တမူးမြို့နေ မဟောက်မန်းကျိန်(ခ)မငယ် (ဖမ်းဆီးရန်ကျန်)နှင့် လာရောက်လက်ခံယူသူများကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မထက်ထက်အောင်မှ မူးယစ်ဆေးဝါးများ ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်းလက်ခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ သတင်းစဉ်



တရားခံ မထက်ထက်အောင်နှင့် မနှင်းနုနုလှိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၃၃ ဒသမ ၅ သိန်းနှင့်အတူ တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဆန့်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရန် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့သည့် တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

❐ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ကလိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် လဲချားမြို့နယ် ဝမ်ဆန့်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၄၀၀ ခန့်အကွာ နေရာ၌ အလျားပေ ၇၀၊ အနံပေ ၂၀ ရှိ အလုပ်ရုံတွဲလျက် ယာယီလူနေတဲ့ တစ်လုံး နှင့် အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံးတို့ကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရန် နိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ပြီး ရောက်ရှိနေသည့် တရုတ်နိုင်ငံသားအမျိုးသား ၂၃ ဦး အား မောင်းပြန်သေနတ် သုံးလက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၅ တောင့်၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် StarLink Gen3 နှစ်လုံး၊ All in One Computer တစ်လုံး၊ ဖုန်းမျိုးစုံ ၃၇ လုံး၊ Router နှစ်ခု၊ Solar Battery တစ်ခုတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ တပ်မတော်အား ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်သတင်းများကို ပြည်သူများအထိတ်တလန့်ဖြစ်အောင် ပြောဆိုပြီး ငွေကြေးများလိမ်လည် တောင်းခံခဲ့သူ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာနေ မိသီလာလ်(ခ)ဂန်ဂူး(၅၃)နှစ်အား ည ၇ နာရီ ၁၀ မိနစ်တွင် ဖဒိုနယ်မြေ ရဲစခန်း(ပ)၄၀/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

(၁၄.၁၁.၂၀၂၆)ရက်ထုတ် 'မန္တလေးနေ့စဉ်'သတင်းစာ၊ စာမျက်နှာ(၂၂)ပါ လွှဲအပ်သူ ဦးသူရသိမ်း(ဘ)ဦးခင်မောင်သိမ်း၏ လွှဲအပ်ချက်အရ ကြေညာခဲ့သည့် အထက်တန်းရှေ့နေ ဦးကောင်းစံထက်၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၈၂လမ်းထောင့်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဝင်း(ဘ)ဦးမောင်မောင်(၉/မရမ(နိုင်)၀၆၃၆၂၆) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာလိုက်သည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ဦးပိုင်အမှတ်(၇-ခ၊ ၇-၄) ဘိုးဘပိုင်မြေကွက်များမှာ M ဟာဖီဇူလာပါ-၉ အမည်ပေါက် မြေကွက်များဖြစ်ပြီး အဆိုပါမြေကွက်များနှင့် မြေကွက်များပေါ်ရှိ အဆောက်အဦများမှာ ဒေါ်တင်တင်မေ၊ ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်ဌေး၊ ဦးရဲငြိမ်းထွန်းတို့က ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာသော ပစ္စည်းရပ်များဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် အဆောက်အဦများကို အမွေဆက်ခံပိုင်ဆိုင်သည့် ဒေါ်တင်တင်မေပါ-၄ဦးတို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားသဖြင့် ပိုင်ရေးပိုင်ခွင့်မရှိသည့် ဦးသူရသိမ်း(ဘ)ဦးခင်မောင်သိမ်း၏ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန် သတိပေးလိုက်သည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ဦးပိုင်အမှတ်(၇-ခ၊ ၇-၄) ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူခွင့်ပြုချက်မရရှိပါဘဲ ဆက်ခံခွင့်မရှိသူ၊ ပိုင်ရေးပိုင်ခွင့်မရှိသူများက ကြေညာချက် တစ်စုံတစ်ရာထပ်မံလုပ်ဆောင်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးသူရသိမ်း(ဘ)ဦးခင်မောင်သိမ်း အပါအဝင် အများသိစေရန် ရှင်းလင်းသတိပေးကြေညာလိုက်သည်။

လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး (LL.B)
(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)
Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029
ladylawyer.khinninisoe@gmail. com

ကြော်ငြာစာ

